# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်၊ သောကြာနေ့ (27-3-2015) (၈၁၅၇)


## စကားအရာ အင်္ဂါငါးတန်

* ပြောသင့်သော အချိန်၌ ပြောဆိုရခြင်း၊
* အမှန်ကိုသာ ပြောဆိုရခြင်း၊
* နူးညံ့ချိုသာစွာ ပြောဆိုရခြင်း၊
* အကျိုးစီးပွားနှင့်စပ်သောစကားကို ပြောဆိုရခြင်း၊
* မေတ္တာရှေ့ထား ပြောဆိုရခြင်း။

### ထူးခြားသည့် နေ့အပူချိန်များ

| | |
|---|---|
| ညောင်ဦး | ၄၀ ဒီဂရီစင်တီဂရိတ် |
| ချောက် | ၄၀ ဒီဂရီစင်တီဂရိတ် |
| မင်းဘူး | ၄၀ ဒီဂရီစင်တီဂရိတ် |

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | |
|---|---|
| လှိုင်ကော် | ၁ ဒသမ ၄၉ လက်မ |
| ရေဦး | ၁ ဒသမ ၃၀ လက်မ |
| ဟဲဟိုး | ၁ ဒသမ ၂၆ လက်မ |

# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့် အစီအမံများ ရှင်းလင်းပြောကြား

နေပြည်တော် မတ် ၂၆

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု စတန်းဖို့ဒ်တက္ကသိုလ် ပါမောက္ခ ဂျိမ်းစ်ဒီဖီရှန် ခေါင်းဆောင်သည့် အပြည်ပြည်ဆိုင်ရာ မူဝါဒရေးရာဘာသာရပ်မဟာတွဲ သင်တန်းသား သင်တန်းသူများအား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံ သည်။**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု စတန်းဖို့ဒ်တက္ကသိုလ် ပါမောက္ခ ဂျိမ်းစ်ဒီဖီရှန် ခေါင်းဆောင်သည့် အပြည်ပြည်ဆိုင်ရာ မူဝါဒရေးရာဘာသာရပ်မဟာတွဲ သင်တန်းသား သင်တန်းသူများအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးမြင့်လှိုင်၊ ဦးဝင်းမြင့်၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာကိုကိုဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အစီအမံများ၊ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရ ကျောင်းသားကျောင်းသူများအား ပညာတော်သင်စေလွှတ်ရေး စီမံဆောင်ရွက်နေမှု၊ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးကဏ္ဍများ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရာတွင် ပြည်သူများ၏ မျှော်လင့်ချက်များအပေါ် ဦးစားပေး

**စာမျက်နှာ ၃ ကော်လံ ၄ သို့**

# နှစ်(၇၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု



"ပြည်သူကဖွား ပြည်သူ့သားတွေ ပြည်သူ့အတွက် အားဖြစ်စေ"

ကြယ်စင်နိုင်၏ဆောင်းပါး စာမျက်နှာ -၆

"မြတ်မဟော် နလုံးသား"

ဖိုလေးလုံးသောင်းကိုကို၏ကဗျာ စာမျက်နှာ -၇

# တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းများ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် အခမဲ့ပြသမည်

**နေပြည်တော် မတ် ၂၆**

နှစ်(၇၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် မတ် ၂၇ ရက်တွင် ရန်ကုန်နှင့် မန္တလေးမြို့တို့၌ တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းများကို အများပြည်သူသို့ အခမဲ့ပြသမည်ဖြစ်သည်။

အဆိုပါပြသမှုကို ရန်ကုန်မြို့ ရွှေဆောင်ရုပ်ရှင်ရုံ၌ မတ် ၂၇ ရက်နံနက် ၁၀ နာရီတွင် "အဖေနှင့် သားများ" ဇာတ်လမ်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် "ကြယ်စင်မော်ကွန်း" ဇာတ်လမ်း၊ ညနေ ၃ နာရီခွဲတွင် "အဖေတူသား" ဇာတ်လမ်း၊ ညနေ ၆ နာရီခွဲတွင် "ကြယ်စင်မော်ကွန်း" ဇာတ်လမ်း၊ ည ၉ နာရီခွဲတွင် "သားကောင်းမိခင်" ဇာတ်လမ်းများကိုလည်းကောင်း၊ မန္တလေးမြို့ မြို့ဂုဏ်ရောင်ရုပ်ရှင်ရုံ၌ မတ် ၂၇ ရက် မွန်းလွဲ ၁၂ နာရီခွဲ၊ ညနေ ၆ နာရီခွဲနှင့် ည ၉ နာရီခွဲတို့တွင် "ကြယ်စင်မော်ကွန်း" ဇာတ်လမ်းကို လည်းကောင်း အခမဲ့ပြသမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**




# စစ်တွေ-တောင်ကုတ်ခရီးစဉ်တွင် ပြေးဆွဲရန် အောင်တံခွန်-၇ ရေယာဉ် စစ်တွေမြို့သို့ရောက်ရှိ

**ရန်ကုန် မတ် ၂၆**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုအရ ရခိုင်ပြည်နယ် စစ်တွေအခြေပြု ခရီးစဉ်များတွင် ထပ်မံအင်အားဖြည့်ပြေးဆွဲရန် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် "အောင်တံခွန်-၇" ရေယာဉ်သည် ရန်ကုန်မြို့ လမ်းသစ်ဆိပ်ခံတံတားမှ မတ် ၂၀ ရက် နံနက် ၉ နာရီတွင် စတင်ထွက်ခွာခဲ့ရာ မတ် ၂၅ ရက် ညနေ ၅ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိသည်။

**စာမျက်နှာ ၃ ကော်လံ ၂ သို့**

## နှစ်(၇၀)ပြည့်တပ်မတော်နေ့ကိုဂုဏ်ပြုပါ၏

**ကြေးမုံစာတည်းရှုထောင့်** ၂၇-၃-၂၀၁၅ [သောကြာနေ့]

# ပြည်သူနှင့်တစ်သားတည်းရှိသည့် တပ်မတော်

မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ထွန်းလာသော တပ်မတော်ဖြစ်သည်။ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များနှင့်အတူ ပေါက်ဖွား သန္ဓေတည်လာသော တပ်မတော်ဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးအတွက် လေ့ခွက်ချည်းကျန် အလံမလှဲစတမ်း စွန့်စားဝံ့သော တပ်မတော်ဖြစ်သည်။ ယနေ့ ထိုတပ်မတော်ကြီး ဖြစ်ထွန်းခဲ့သည်မှာ နှစ်ပေါင်း(၇၀)ပြည့်ခဲ့ပြီဖြစ်သည်။

ထိုကဲ့သို့ သမိုင်းအစဉ်အလာကြီးမားသော တပ်မတော်ကြီးသည် နှစ်ပေါင်း(၇၀)ဖြတ်သန်းလာခဲ့သော ခရီးလမ်းတစ်လျှောက် တပ်မတော်၏ ကောင်းမြတ်သောအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။ ယနေ့နှစ်(၇၀)ပြည့်သောနေ့ တပ်မတော်နေ့ ဦးတည်ချက်ပါအတိုင်း နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်ကြီးအဖြစ် တည်ဆောက်နေသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း၊ ပြည်ပအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။

တပ်မတော်သည် ဆုံးရှုံးခဲ့ရသောလွတ်လပ်ရေးကို ပြန်လည်ရရှိဖို့၊ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းကို ပြန်လည်ရရှိဖို့ ပြောင်မြောက်သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သတ္တိတို့ဖြင့် မျိုးချစ်စိတ်ဓာတ်ကိုအရင်းခံကာ ရှုပ်ရှုပ်ချွံချွံကြိုးပမ်းဆောင်ရွက်ခဲ့သလို ရရှိပြီးသောလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်မဆုံးရှုံးစေရန်နှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူတို့၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက်လည်း ဆက်လက်ကြိုးပမ်းအားထုတ်နေသည်ကို တွေ့ရသည်။

"တစ်ယောက်အားဖြင့်ယူသော်မရ၊ တစ်သောင်းအားဖြင့်ယူမှရသည်" ဟူသော ဆိုစကားနှင့်အညီ လွတ်လပ်ရေးကို အရယူပေးခြင်း၊ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ခြင်း၊ တိုင်းပြည်၏ အကျိုးစီးပွားအတွက် ပါဝင်ဆောင်ရွက်ခြင်းလုပ်ငန်းများတွင် တပ်မတော်နှင့်အတူ ပြည်သူလူထုတစ်ရပ်လုံး ညီညီညွတ်ညွတ် လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းများက အထင်အရှားသက်သေပြနေသည်။ တိုင်းပြည်အတွက် အရေးကြုံလာလျှင် တပ်မတော်နှင့် ပြည်သူလက်တွဲဆောင်ရွက်နိုင်ခဲ့သည့် သမိုင်းအထောက်အထားများလည်း ရှိသည်။

ထို့ကြောင့် တပ်မတော်သည် တိုင်းရင်းသား ပြည်သူလူထုအားလုံးကို ကိုယ်စားပြုသည့် ပြည်ထောင်စု တပ်မတော်ကြီးဟု ခေါ်ဆိုရမည်ဖြစ်သည်။ တိုင်းပြည်အရေးအတွက် ရှေ့တန်းမှ မားမားမတ်မတ်ရပ်တည်ခဲ့သည်။ ကျွန်ုပ်တို့တိုင်းပြည်ကြီး ယနေ့ထက်တိုင် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နေနိုင်ခြင်းသည် နိုင်ငံတည်ငြိမ်အေးချမ်းပြီး စည်းလုံးညီညွတ်သော နိုင်ငံတော်ကို ထူထောင်ထားသောကြောင့်ဖြစ်သည်။

တည်ငြိမ်အေးချမ်းခြင်း၊ စည်းလုံးညီညွတ်ခြင်းသည် နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေးကြီးပါသည်။ တည်ငြိမ်အေးချမ်းမှုနှင့် ညီညွတ်မှုလျော့နည်းသောကြောင့် ပြိုကွဲပျက်စီးရသည့် နိုင်ငံအချို့ကိုလည်း ယနေ့မြင်တွေ့နေရသည်။ မြန်မာ့သမိုင်းကြောင်းတွင်လည်း နိုင်ငံညီညွတ်အောင်၊ တည်ငြိမ်အောင် တပ်မတော်သည် အမြဲမပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် မှတ်တိုင်များ ရှိခဲ့ပြီးဖြစ်ပါသည်။

မျက်မှောက်ကာလတွင် တပ်မတော်သည် အမျိုးသားရေးကို သစ္စာတရားဖြင့် ဦးထိပ်ထားကာ နိုင်ငံတော်ကို ကြီးမားသောအစဉ်အလာအတိုင်း ကာကွယ်စောင့်ရှောက်ပေးနေသည်။ ထွန်းပြောင်သော အစဉ်အလာကောင်းများကို ဆက်ခံဆောင်ရွက်နေသော တပ်မတော်သည် သန်း ၅၀ ကျော်သော ပြည်သူတို့၏ တူညီသောဆန္ဒနှစ်ခုဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ဖြည့်ဆည်းပေးရန်အတွက် ပြည်သူတို့နှင့် တစ်သားတည်းရှိနေပါသည်။ ။

# (၁၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

**ငွေဆောင် မတ် ၂၆**

(၁၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်၍ အာဆီယံပညာရေးအထောက်အကူပြု သင်ကြားရေးစင်တာ ASEAN Virtual Learning Resources Centre(AVLRC) ပဏာမဖွင့်လှစ်ပွဲ အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေရှိ Ngwe Saung Yacht Club and Resort ၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

AVLRC ဖွင့်ပွဲအခမ်းအနားတွင် အစည်းအဝေး သဘာပတိမြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် အာဆီယံနိုင်ငံများမှ တက်ရောက်လာကြသည့် ပြန်ကြားရေးဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ ရှေ့မှောက်တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ အစည်းအဝေးသဘာပတိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေ၊ ဒုတိယသဘာပတိ ဖိလစ်ပိုင်နိုင်ငံမှ Mr.Jess Anthony Q Yu၊ လက်ရှိ ASEAN ဥက္ကဌတာဝန်ထမ်းဆောင်နေသည့်မလေးရှားနိုင်ငံမှ Ms. Joane Koo Yoke Ann တို့က Plasma Globe ဖန်လုံးကို နှိပ်ပြီး AVLRC Website ကို လွှင့်တင်ကြသည်။ **(အပေါ်ယာပုံ)**

AVLRC "ASEAN Virtual Learning Resources Centre" Website သည် အာဆီယံနိုင်ငံများ၏ သမိုင်း၊ ယဉ်ကျေးမှု၊ ခရီးသွားဒေသများနှင့် ပတ်သက်သည့် ဗဟုသုတများကို ထည့်သွင်းဖော်ပြထားပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် အာဆီယံနှင့်ပတ်သက်သည့် အချက်အလက်၊ ခရီးသွားလေ့လာရေးနှင့် ပတ်သက်သော အချက်အလက်များကို ရယူနိုင်သည့်အပြင် အာဆီယံနိုင်ငံများတွင် တက်ရောက်နိုင်သည့် ပညာသင်ဆုများကိုလည်း လေ့လာသိရှိနိုင်သည့် ဗဟိုဌာနဖြစ်သည်။ ၎င်းအပြင် အာဆီယံအသိုက်အဝန်းနှင့်ပတ်သက်သည့် သတင်းများ၊ အာဆီယံနိုင်ငံများမှ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် သုတေသနပြုနိုင်သည့် အချက်အလက်များ၊ ပညာရေးဆိုင်ရာ အာဆီယံဒေသတွင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာများကို လေ့လာရယူနိုင်သော Website Center တစ်ခုဖြစ်သည်။

ဆက်လက်၍ ယနေ့ နေ့လယ်ပိုင်းနှင့် ညနေပိုင်းတို့တွင် အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များသည် ငွေဆောင်ဒေသတစ်ဝိုက်နှင့် ပင်လယ်ရှုခင်းအလှများအား လေ့လာကြည့်ရှုခဲ့ကြသည်။

(၁၄)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ၂၀၁၆ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၂၆**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၈၅၅၀၀ | - | ၆၈၆၅၀၀ |
| မန္တလေး | ရွှေဈေး | ၆၈၅၅၀၀ | - | ၆၈၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၅၀ | ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၇၀ | ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၂၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၇၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၀၂၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၁၂၇. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၆၅. ၃၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၁. ၅၇၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၇၉. ၃၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၄၃၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၈၆၀. ၁၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၃. ၁၀၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၀၄. ၆၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၇၄၉. ၉၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း





# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ဇယား(၁)နှင့် ဇယား (၂)လေ့လာသုံးသပ်ရေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ဇယား (၁)နှင့် ဇယား(၂) လေ့လာသုံးသပ်ရေးကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ဇယား(၁)နှင့် ဇယား(၂) လေ့လာသုံးသပ်ရေးကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဦးလှထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**(အပေါ်ပုံ)**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဖွဲ့စည်းပုံ အခြေခံဥပဒေဇယား (၁)နှင့်ဇယား(၂) ပြည်ထောင်စု၏ လုပ်ပိုင်ခွင့်များထဲမှ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ခွဲဝေပေးသင့်သည်များကို ခွဲပေးရမည်ဖြစ်ပါကြောင်း၊ သို့မှသာ တိကျသောလုပ်ပိုင်ခွင့်များ ယခုထက်ပိုမိုရှိလာမည်ဖြစ်ပြီး လုပ်ငန်းများလည်း ပိုမိုလုပ်ဆောင်လာနိုင်မည်ဖြစ်ပါကြောင်း၊ ယခုလက်ရှိအခြေအနေများအရ Resource Sharing သည် အရေးကြီးသောအချက်အဖြစ် အကောင်အထည်ဖော်ရန်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ဇယား(၁)နှင့် ဇယား(၂)ပြင်ဆင်နိုင်ရေးကို ပြည်ထောင်စုလွှတ်တော်တွင်လည်း အဆိုပါကိစ္စများနှင့် စပ်လျဉ်းပြီး အဆိုများတင်သွင်းခဲ့ပါကြောင်း၊ ဇယား(၁)နှင့် ဇယား(၂)တွင် ပြည်ထောင်စုမှ ဥပဒေပြုရမည့်ကိစ္စများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဥပဒေပြုရမည့်ကိစ္စရပ်များ ရှိပါကြောင်း၊ သို့ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တည်ဆဲဥပဒေများကို ပြင်ဆင်ပြီး လုပ်ပိုင်ခွင့်များကို ခွဲဝေပေးရန် တင်ပြလာပါကြောင်း၊ ခေတ်ကာလနှင့် မလျော်ညီသည့်အတွက် အသစ်ပြင်ဆင်ရေးဆွဲရမည့် ဥပဒေများလည်း ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြင်ဆင်လိုသည်များကို ပြည်ထောင်စုဝန်ကြီးဌာနများသို့ ပေးပို့လာသည့်အပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ရမည်ဖြစ်ပါကြောင်း၊ ထို့နောက် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးမှတစ်ဆင့် လွှတ်တော်သို့ တင်သွင်းရမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၁)နှင့် ဇယား(၂)တို့ကို အမြန်ဆုံးပြင်ဆင်ရန် နိုင်ငံတော်သမ္မတက လမ်းညွှန်ထားပြီးဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ယခု အစည်းအဝေးတွင် ဇယား(၁)နှင့်ဇယား(၂) ပြင်ဆင်ရေးအပိုင်းအတွက် ရလဒ်ကောင်းရရှိနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဇယား(၁)နှင့်ဇယား(၂)၌ ဆောင်ရွက်ရမည့်လုပ်ငန်းတွင် အမိန့်ကြော်ငြာစာ ထွက်ရှိရမည့်အပိုင်း၊ ထွက်ရှိပြီး ဥပဒေများကို နည်းဥပဒေ ထုတ်ပြန်ပေးရန်၊ ပြင်ဆင်ရမည့်ဥပဒေများကို လွှတ်တော်သို့တင်သွင်းရန်နှင့် အသစ်လိုအပ်သည့် ဥပဒေများကို ဥပဒေပြဋ္ဌာန်းပေးရန်တို့ ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ဇယား(၁)နှင့် ဇယား(၂) ပြင်ဆင်ရေးအတွက် ဝန်ကြီးဌာနများက ညှိနှိုင်းရရှိသည့် အပိုင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တင်ပြလာသည့်အပိုင်းများအပေါ် ဆွေးနွေးခဲ့ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ သက်ဆိုင်ရာဝန်ကြီးများ၊ ဥပဒေချုပ်များမှလည်း Video Confrencing များဖြင့် မေးမြန်းဖြေကြားခဲ့သည်။ ထိုသို့ ဆွေးနွေးချက်များအပေါ် ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ပြန်လည်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ❂စစ်တွေ-တောင်ကုတ်မှ

အဆိုပါရေယာဉ်ပေါ်တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲအတွက် လိုအပ်သော ရေယာဉ်သုံးပစ္စည်းများဖြစ်သည့် သံပြားအချပ် ၃၂၀၊ (၆၅ တန်ခန့်)၊ ကျောက်ကြိုး ပေ ၉၀၊ ၁၅ ချောင်း၊ လေအိုးအလုံး ၅၀၊ ဟင်ဂလန် ၂၅ ချောင်း၊ သံဂဟေဆော်စက် သုံးစုံ၊ သံဂဟေချောင်း ငါးတန်၊ ရေယာဉ်သုတ်ဆေး ဂါလန် ၃၀၀၊ အသက်ကယ်အကျီ ၈၅၂ ထည်၊ အသက်ကယ်ဘောကွင်း ၁၆၆ ကွင်း၊ ဆက်သွယ်ရေးစက် ရှစ်လုံး၊ စတီးဝါယာကြိုး ပေ ၃၆၀၊ နိုင်လွန်ကြိုး ပေ ၃၆၀၊ ကုန်တန်ချိန် စုစုပေါင်း ၇၄ တန် တင်ဆောင်ပါရှိသွားကြောင်း၊ ရေယာဉ်စစ်တွေမြို့သို့ ရောက်ရှိပြီးနောက် ရေယာဉ်ပေါ်မှ ပါလာသည့် ပစ္စည်းများအားချပြီး ရေယာဉ်စစ်ဆေးမှုခံယူကာ စစ်တွေ-တောင်ကုတ် ခရီးလမ်းတွင်ပြေးဆွဲရန် စီစဉ်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

## စစ်တွေစက်မှုရပ်ကွက်တွင် မြေပိုင်ဆိုင်သူများဆက်သွယ်ရန် အကြောင်းကြားခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ စစ်တွေစက်မှုရပ်ကွက်(ဆတ်ရိုးကျ)ရှိ မြေကွက်ရရှိထားသော လုပ်ငန်းရှင်များနှင့် လုပ်ငန်းလုပ်ကိုင်ခြင်း မရှိသောသူများအား ၃၀-၁-၂၀၁၅ ရက် နောက်ဆုံးထားပြီး မိမိပိုင်ဆိုင်သော အထောက်အထားနှင့်အတူ စစ်တွေစက်မှုရပ်ကွက် တည်ထောင်ရေးကော်မတီ၊ ရခိုင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးသို့ ဆက်သွယ်သတင်းပို့ရန် အကြောင်းကြားခဲ့ရာ မြေကွက် (၂၅၄) ကွက်၏ ပိုင်ရှင် (၁၀၅) ဦးသာ လာရောက်သတင်းပို့ပြီး ယနေ့အထိ သတင်းပို့ရန် ကျန်မြေကွက်(၁၁၃)ကွက်ရှိသေးကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ သတင်းပို့ရန်ကျန်သော မြေကွက်ပိုင်ရှင်များသည် ယခု ကြေညာသည့်နေ့မှ ရက်ပေါင်း (၆၀) ၃၀-၅-၂၀၁၅ ရက် နောက်ဆုံးထား၍ စစ်တွေစက်မှုရပ်ကွက်တည်ထောင်ရေးကော်မတီ၊ ရခိုင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူးရုံး(တက္ကသိုလ်ရိပ်သာလမ်း၊ ဆရာမများလေးထပ်ဆောင်ရှေ့)စစ်တွေမြို့သို့ မိမိတို့၏ ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ ရုံးချိန်အတွင်း ဆက်သွယ်အကြောင်းကြားရန်နှင့် ဆက်သွယ်မှုမရှိသော မြေကွက်များအား စစ်တွေစက်မှုရပ်ကွက် တည်ထောင်ရေးကော်မတီမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပါသည်။

စုံစမ်းရန်ဖုန်း
စစ်တွေစက်မှုရပ်ကွက်တည်ထောင်ရေးကော်မတီဥက္ကဋ္ဌ
ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးရုံး၊ ဖုန်း-၀၄၃-၂၂၆၆၁
အတွင်းရေးမှူး စစ်တွေစက်မှုရပ်ကွက်တည်ထောင်ရေးကော်မတီ
ရခိုင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူးရုံး
ဖုန်း-၀၄၃-၂၃၇၄၂၊ ၀၄၃-၂၃၇၉၃

### ❒ရွှေဖုံးမှ

ဖြည့်ဆည်းခဲ့မှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် မူဝါဒများ ချမှတ်ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သင်တန်းသား သင်တန်းသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် ပါမောက္ခ ဂျိမ်းစ်ဒီဖီရွန် ခေါင်းဆောင်သည့် အပြည်ပြည်ဆိုင်ရာ မူဝါဒရေးရာဘာသာရပ် မဟာတွဲ့သင်တန်းသား သင်တန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။ **(သတင်းစဉ်)**

### ❖ နိုင်ငံ့ဝန်ထမ်းမှ

၃။ လက်ရှိလစာနှုန်းမှ တိုးမြှင့်လစာနှုန်းသို့ ပြောင်းလဲသွားသည့်အခါ နှစ်တိုးများကို လက်ရှိလစာနှုန်းအရ နှစ်တိုးကာလများအတိုင်း ဆက်လက်ခံစားခွင့်ပြုရန်ဖြစ်ပါသည်။ တိုးမြှင့်လစာနှုန်းသို့ ပြောင်းလဲမှုကြောင့် နှစ်တိုးစေ့ရောက်သည့်နေ့များ ပြောင်းလဲသွားခြင်းမရှိစေရ။

၄။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၁၄-၃-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၀/၂၀၁၂ ဖြင့် နိုင်ငံ့ဝန်ထမ်းများ (တပ်မတော်ကြည်း၊ ရေ၊ လေ ဝန်ထမ်းများအပါအဝင်)၏ လစာအပေါ်တွင်ထပ်ဆောင်းပေးခဲ့သည့် အပိုထောက်ပံ့ကြေးခံစားခွင့်ပြုခြင်းကို ပယ်ဖျက်ပြီး ယခုပြောင်းလဲပြင်ဆင်သည့် လစာနှုန်းထားအတိုင်းသာ ခံစားခွင့်ပြုရန်ဖြစ်ပါသည်။

၅။ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာနှင့်ပတ်သက်၍ ခွင့်ပြုပေးနိုင်မည့် နှုန်းထားသတ်မှတ်ချက်အား သီးခြားထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၆။ ဒေသစရိတ်ခံစားခွင့်နှင့်ပတ်သက်၍လည်း စိစစ်သုံးသပ်မှုများပြုလုပ်ပြီးပါက သီးခြားထုတ်ပြန်သွားမည် ဖြစ်ပါသည်။

**တပ်မတော်(ကြည်း၊ ရေ၊ လေ)ဝန်ထမ်းများ၏ လစာနှုန်းများ**

၇။ တပ်မတော် (ကြည်း၊ ရေ၊ လေ)ဝန်ထမ်းများအတွက် သတ်မှတ်ထားသော လစာနှင့် စရိတ်နှုန်းထားများနှင့် ခွင့်ပြုပေးနိုင်မည့် အငြိမ်းစားလစာနှင့် ဆုကြေးဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးကောင်စီသို့တင်ပြ၍ အတည်ပြုချက်ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။

**နိုင်ငံခြားတွင်တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအတွက်ခံစားခွင့်**

၈။ နိုင်ငံခြားတွင်တာဝန်ထမ်းဆောင်နေသည့် နိုင်ငံခြားရေးဝန်ထမ်းများနှင့် အခြားအလားတူဝန်ထမ်းများသည် ပြည်ပတွင်တာဝန်ထမ်းဆောင်နေစဉ်အတွင်း လက်ရှိခံစားနေသော လစာနှုန်းများအတိုင်းသာ နိုင်ငံခြားသုံးငွေဖြင့် ထုတ်ယူခံစားရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိတာဝန်ထမ်းဆောင်ရသည့်အခါတွင် မိမိရာထူးအဆင့်နှင့်လျော်ညီစွာ သတ်မှတ်ထားသော လစာနှုန်းသစ်ကို ခံစားရန်ဖြစ်ပါသည်။

၉။ ဤအမိန့်ကြော်ငြာစာအရ ခံစားခွင့်များကို ၂၀၁၅ ခုနှစ်၊ ဧပြီလအတွက် လစာမှစ၍ ခံစားခွင့်ရှိစေရမည်။

(ဝင်းရှိန်)
**ပြည်ထောင်စုဝန်ကြီး**

## မြေနီကုန်းခုံးကျော်တံတား တပ်မတော်နေ့တွင် စမ်းသပ်မောင်းနှင်ခွင့်ပြုမည်

**ရန်ကုန် မတ် ၂၆**

မတ် ၂၇ ရက် (တပ်မတော်နေ့)တွင် မြေနီကုန်းခုံးကျော်တံတားပေါ်သို့ ကားများစတင်ဖြတ်သန်းခွင့်ပြုမည်ဖြစ်ကြောင်း အဆိုပါခုံးကျော်တံတား ဆောက်လုပ်ရေးကုမ္ပဏီမှ သိရသည်။

မြေနီကုန်းခုံးကျော်တံတား တည်ဆောက်မှုမှာ ၉၉ ရာခိုင်နှုန်းပြီးစီးနေပြီး ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါတံတားစီမံကိန်း အမြန်ပြီးစီးရေးအတွက် လုပ်သား ၃၀၀ ဖြင့် နေ့၊ ည နှစ်ဆိုင်းခွဲကာဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ခုံးကျော်တံတားကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၆ ရက်က စတင်ဆောက်လုပ်ခဲ့ပြီး အရှည် ပေ ၂၃၀၀ ကျော်ရှိသော သံကူကွန်ကရစ်အမျိုးအစား၊ လေးလမ်းသွားတံတားဖြစ်ကာ ကုန်ကြမ်းများကို ဂျပန်နိုင်ငံမှတင်သွင်းကာ ဆောက်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့



# ဗီယက်နမ်ပင်လယ်ဆိပ်ကမ်းစီမံကိန်း ဆောက်လုပ်ရေးလုပ်ငန်းခွင် ငြမ်းပြို၍ ၁၄ ဦး သေဆုံး



**ဟနွိုင်း မတ် ၂၆**

ဗီယက်နမ်နိုင်ငံ ဟာသင့်ပြည်နယ်၊ ဗန်အန်းစီးပွားရေးဇုန် ပင်လယ်ဆိပ်ကမ်းစီမံကိန်း၌ မတ် ၂၅ ရက်ညတွင် ငြမ်းပြိုကျသဖြင့် အနည်းဆုံး အလုပ်သမား ၁၄ ဦး သေဆုံး၍ ၃၀ ဒဏ်ရာရရှိခဲ့သည်ဟု ယနေ့ ရိုက်တာ သတင်းတွင် ဖော်ပြသည်။

ဒဏ်ရာရရှိသူများကို ဆေးရုံပို့၍ ကုသပေးလျက်ရှိကြောင်း ပြည်နယ်ပြည်သူ့ကော်မတီ ဒုတိယဥက္ကဋ္ဌက နိုင်ငံပိုင်ရုပ်သံလိုင်းမှ ကြေညာသည်။

အာဏာပိုင်များသည် အပျက်အစီးများ အောက်၌ရှိနေသော အလောင်းနှစ်လောင်းကို သယ်ထုတ်နိုင်ရန် ဆောင်ရွက်နေကြသည်ဟု သတင်းများတွင် ဖော်ပြသည်။

စီးပွားရေးဇုန်စီမံခန့်ခွဲရေး အာဏာပိုင် ဒုတိယအကြီးအကဲက အခင်းဖြစ်ပွားချိန်တွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ အလုပ်သမားထောင်နှင့်ချီ၍ ရှိနေသဖြင့် သေဆုံး၊ ဒဏ်ရာရရှိသူများ တိုးလာဖွယ်ရာရှိကြောင်း မီဒီယာများသို့ ပြောကြားခဲ့သည်။

အဆိုပါ ပင်လယ်ဆိပ်ကမ်းကို တရုတ်(တိုင်ပေ) ကုမ္ပဏီဖော်မိုဆာ အုပ်စုပိုင်သော မြေပေါ်တွင် တည်ဆောက်နေခြင်းဖြစ်သည်။

ထိခိုက် ဒဏ်ရာရရှိသော အလုပ်သမားများအားလုံးသည် ဗီယက်နမ်နိုင်ငံသားများဖြစ်ကြပြီး တောင်ကိုရီးယား ဆန်ဆောင်းအုပ်စုခွဲ ထံမှ တစ်ဆင့်ခံကန်ထရိုက်ဖြင့် အလုပ်လုပ်နေကြသူများဖြစ်ကြသည်ဟု နိုင်ငံပိုင်သတင်းစာ သန်နီယင်းက ဖော်ပြသည်။ **ရိုက်တာ။**

# အနောက်အုပ်စုနိုင်ငံများကို ကြံ့ကြံ့ခံရင်ဆိုင်မည့် ပူတင်



**မော်စကို မတ် ၂၆**

ရုရှားသမ္မတဗလာဒီမာပူတင်က အနောက်အုပ်စုနိုင်ငံများအနေဖြင့် ရုရှားနိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးတွင် အထီးကျန်ဆန်အောင် ကြိုးစားလုပ်ဆောင်မှုများကို ကြံ့ကြံ့ခံရပ်တည်ကာ ရင်ဆိုင်သွားမည်ဟု ဆိုသည်။

" ရုရှားနိုင်ငံအနေနဲ့ အလျှော့ပေး လိုက်လျောတာတွေ လုပ်ဆောင်မှာ မဟုတ်သလို ဘယ်သူမှလည်း ရုရှား နိုင်ငံကို ဖိအားပေးအကျပ်ကိုင်နိုင်မှာ မဟုတ်ပါဘူး။ ဘယ်လိုခြိမ်းခြောက်မှုမျိုးပဲဖြစ်ဖြစ် တုံ့ပြန်သွားမှာပါ " ဟု ပူတင်က မတ် ၂၆ ရက်တွင် ပြောကြားသည်။

စစ်အေးတိုက်ပွဲပြီးဆုံးသွားပြီး နောက်ပိုင်းမှ ယူကရိန်းပြဿနာဖြစ်ပွားသည်အထိရုရှားနိုင်ငံနှင့် အနောက်အုပ်စုနိုင်ငံများ၏ ဆက်ဆံရေးသည် ဆိုးရွားလျက်ရှိနေခဲ့သည်။ ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံပိုင် ခရိုင်းမီးယားကျွန်းဆွယ်ကို ကျူးကျော် သိမ်းပိုက်မှုနှင့် ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် တည်ငြိမ်မှုပျက်ပြားအောင် လုပ်ဆောင်မှုများနှင့် ပတ်သက်၍ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့က ရုရှားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ အရေးယူမှုများပြုလုပ်ခဲ့ကြသည်။ **အေပီ။**

# ယီမင်တွင်လက်နက်ကိုင်တိုက်ခိုက်မှုများပြင်းထန် အဓိကဆိပ်ကမ်းများ ပိတ်ထားရ

**ဒိုဟာ မတ် ၂၆**

ယီမင်နိုင်ငံတွင်းရှိ အဓိကကျသော ပင်လယ်ဆိပ်ကမ်းများကို မတ် ၂၅ ရက်တွင် ပိတ်ထားလိုက်ကြောင်း ဒေသခံများက ပြောကြားသည်။

ဟူသီသူပုန်များအား ဆန့်ကျင်တိုက်ခိုက်နေသည့် အနောက်အုပ်စုမှ ထောက်ခံအားပေးမှုရှိသော ယီမင်သမ္မတ၏ မဟာမိတ် ဆော်ဒီအာရေဗျနိုင်ငံက ယီမင်နိုင်ငံအတွင်း စစ်ရေးအရ ဝင်ရောက်တိုက်ခိုက်မှုများ ပြုလုပ်အပြီး ပင်လယ်ဆိပ်ကမ်းများကို ပိတ်လိုက်ရခြင်း ဖြစ်သည်။ ဆော်ဒီအာရေဗျနိုင်ငံက ယီမင်နိုင်ငံတွင် လေကြောင်း စီးနင်းတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

လက်နက်ကိုင်တိုက်ခိုက်မှုများ မြင့်တက်လာခြင်းကြောင့် ယီမင်နိုင်ငံ၏ အဓိကကျသော ပင်လယ်ဆိပ်ကမ်းများအား မတ် ၂၅ ရက်မှစ၍ ပိတ်ထားလိုက်ရကြောင်း ယီမင်အစိုးရနှင့် နီးစပ်သည့် သတင်းအရင်းအမြစ်များက အတည်ပြုခဲ့သည်။

ယီမင်နိုင်ငံသည် လစဉ် ရေနံစိမ်းစည် ၁ ဒသမ ၄ မှ ၁ ဒသမ ၅ သန်းခန့်ကို မာဆီလာ ရေနံဆိပ်ကမ်းမှ တရုတ်နိုင်ငံသို့ အဓိကတင်ပို့ပေးသည်။

ယီမင်နိုင်ငံတွင် လတ်တလော ပိတ်ထားသည့် ဆိပ်ကမ်းများမှာ အေဒင်၊ အယ်လ်မူကာလာ၊ အယ်လ်ဖဟာဒါနှင့် အယ်လ်ဟူဒေးဒါမြို့ တို့တွင် တည်ရှိကြောင်း သတင်းများ၌ဖော်ပြပြီး အသေးစိတ် မသိရှိရပေ။ **ဘီဘီစီ။**



# ပေကျင်း၌ကျင်းပမည့် နိုင်ငံတကာ စစ်ရေးပြအခမ်းအနားသို့ ကမ္ဘာစစ်ကာလ မဟာမိတ်နိုင်ငံများကို ဖိတ်ခေါ်ဖွယ်ရှိ

**ပေကျင်း မတ် ၂၆**

ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု နှစ် (၇၀) ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားကို ယခုနှစ်နှောင်းပိုင်းတွင် မြို့တော်ပေကျင်း၌ ကျင်းပသည့်အခါ တရုတ်နိုင်ငံက ကမ္ဘာ့စစ်ကာလ အနောက် မဟာမိတ်နိုင်ငံများမှ စစ်ဘက်ဆိုင်ရာ ကိုယ်စားလှယ်များကို ဖိတ်ခေါ်ဖွယ်ရှိကြောင်း တရုတ်တာဝန်ရှိသူတစ်ဦးက မတ် ၂၆ ရက်တွင် ပြောကြားသည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု နှစ် ၇၀ ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို စက်တင်ဘာလအတွင်း ကျင်းပဖွယ်ရှိသည်။ ကမ္ဘာ့နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်မည့် စစ်ရေးပြအခမ်းအနားဖြစ်ပြီး နိုင်ငံ့ခေါင်းဆောင်အချို့က စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြည့်ရှုမည်ဖြစ်ကြောင်း၊ စစ်ရေးပြ အခမ်းအနားတွင် ပါဝင်မည့် စစ်သည်များကို စေလွှတ်ပေးရန် နိုင်ငံအချို့အား ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ်ကျန်ယန်ရှန်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ရန် မည်သည့်နိုင်ငံတို့အား ဖိတ်ကြားမည်။ ယင်းအခမ်းအနားကို မည်သို့မည်ပုံ ကျင်းပမည်ကို အသေးစိတ်မသိရပေ။

ဥရောပ၌ ဒုတိယကမ္ဘာစစ် ပြီးဆုံးမှု အထိမ်းအမှတ်အဖြစ် ရုရှားနိုင်ငံတွင် မေလ၌ ကျင်းပမည့် စစ်ရေးပြအခမ်းအနားသို့ တရုတ် စစ်သည်များကို စေလွှတ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံ၌ ကျင်းပမည့် နိုင်ငံတကာ စစ်ရေးပြအခမ်းအနားသည် ကွန်မြူနစ်ပါတီ အကြီးအကဲအဖြစ်လည်းကောင်း၊ စစ်ဘက်ဆိုင်ရာ အကြီးအကဲအဖြစ်လည်းကောင်း သမ္မတရှီကျင့်ဖျင် တာဝန်ယူခဲ့ချိန် နောက်ပိုင်း ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည်။ဒုတိယကမ္ဘာစစ်ကာလအတွင်း တရုတ်နိုင်ငံနှင့်အတူ တိုက်ပွဲဝင်ခဲ့ကြသော အနောက်အုပ်စုမဟာမိတ်နိုင်ငံများကို ဖိတ်ခေါ်ဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# သီရိလင်္ကာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားကို ကာကွယ်ပေးရန် တရုတ်သမ္မတ ရှီကျင့်ဖျင်ပြောကြား

**ပေကျင်း မတ် ၂၆**

သီရိလင်္ကာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသည့် တရုတ်ကုမ္ပဏီများ၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ ကာကွယ်ပေးရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က တရုတ်နိုင်ငံတွင် ကျင်းပမည့် ၂၀၁၅ ခုနှစ် 'ဘိုအို'အာရှဖိုရမ်သို့ တက်ရောက်ရန် ရောက်ရှိနေသော သီရိလင်္ကာသမ္မတ မိုင်သရီပါလာ သီရိသေနာအား တိုက်တွန်းပြောကြားလိုက်သည်။

နှစ်နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းစေရေးကိုရှေးရှုပြီး ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်းနှင့် သီရိလင်္ကာနိုင်ငံကို ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် တရုတ်နိုင်ငံသည် အစွမ်းကုန်ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သမ္မတ ရှီကျင့်ဖျင်ကပြောသည်။

သီရိလင်္ကာနိုင်ငံတွင် တရုတ်နိုင်ငံ၏ဘဏ္ဍာငွေဖြင့် တည်ဆောက်ဆဲဖြစ်သည့် ကိုလံဘိုဆိပ်ကမ်းစီမံကိန်းကို ယာယီရပ်တန့်ထားသည်။ အဆိုပါဆိပ်ကမ်းစီမံကိန်းကို ရပ်တန့်ထားခြင်းသည် တရုတ်နိုင်ငံနှင့် မည်သို့မျှ ပတ်သက်ခြင်း မရှိပါကြောင်းနှင့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုပါကြောင်း သမ္မတ သီရိသေနာက ပြောသည်။

အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံကုန်ကျမည့် ကိုလံဘိုဆိပ်ကမ်းစီမံကိန်းသည် ယခင်သီရိလင်္ကာအစိုးရလက်ထက်က တရုတ်နိုင်ငံနှင့် သဘောတူညီမှုရရှိခဲ့သည့် စီမံကိန်းဖြစ်သည်။ သီရိလင်္ကာအစိုးရအသစ်တက်လာချိန်တွင် ယင်းစီမံကိန်းကို ပြည်လည်စစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်သဖြင့် ယာယီရပ်ဆိုင်းထားခြင်းဖြစ်သည်။

သီရိလင်္ကာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ကုန်သွယ်ရေး၊ ပညာရေး၊ နည်းပညာနှင့် ကာကွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်လျက်ရှိသည်။ သီရိလင်္ကာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ချုပ်ဆိုထားသည့်စီမံကိန်းများကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း သမ္မတ သီရိသေနာက ဆိုသည်။

နှစ်နိုင်ငံ၏ကာလရှည်ကြာ ရှင်သန်နေသည့် ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ထိန်းသိမ်းရန် နှစ်နိုင်ငံသမ္မတများက ကတိပြုပြောကြားခဲ့သည်။ **ဆင်ဟွာ။**


သီရိလင်္ကာနိုင်ငံ ကိုလံဘိုဆိပ်ကမ်းတည်ဆောက်ဆဲစီမံကိန်းကို တွေ့ရစဉ်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# နိုင်ငံ့ဝန်ထမ်းများအတွက် တိုးမြှင့်ပြင်ဆင်ပေးသည့် လစာနှုန်းထားများ လျာထားချက်စာရင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြ

**နေပြည်တော်  မတ်  ၂၆**

ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ကျင်းပသည်။

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ သာမန်အသုံးစရိတ်တောင်းခံမှုများအနက်မှ လျှော့ချအသုံးပြုနိုင်ရေးနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများသို့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ စာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ(ပို့ဆောင်ရေး)၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ စာရင်းပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ (လူမှုဖူလုံရေး)တို့မပါ ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာန၊ ဦးစီးဌာနများအနက် ဖြတ်တောက်နိုင်သည့် အဖွဲ့အစည်းများနှင့် မှတ်ချက်ပြုရန်မရှိသည့် အဖွဲ့အစည်းများ၏ လစာစရိတ်၊ ပင်စင်လစာနှင့် ဆုကြေး၊ အတိုးတို့မပါ သာမန်အသုံးစရိတ်များမှ (၂)ရာခိုင်နှုန်းကို ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် ဝန်ကြီးဌာန(၁၄)ခုတို့၏ စုစုပေါင်း ငွေကျပ် သန်းပေါင်း (၈၀၁၂ ဒသမ ၃၆၅)သန်းကို သာမန်အသုံးစရိတ်များမှ လျှော့ချနိုင်ခဲ့ပါကြောင်းဖြင့် ရှင်းလင်းတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်းများအတွက် တိုးမြှင့်ပြင်ဆင်ပေးသည့် လစာနှုန်းထားများ လျာထားချက်စာရင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၉ ပုဒ်မခွဲ(ဂ)တွင် "ဝန်ထမ်းလစာနှင့် လုပ်ခနှုန်းများ၊ အကောက်နှုန်းများ၊ အခွန်နှုန်းများနှင့် အခြားလိုအပ်သည့်နှုန်းများကို ဥပဒေနှင့်အညီဆုံးဖြတ်သတ်မှတ်ရမည်"ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါကြောင်း။

**နိုင်ငံ့ဝန်ထမ်းများ၏ လစာ၊ စရိတ်နှုန်းထားများ တိုးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ တိုးမြှင့်မည့် လစာ၊ စရိတ်နှုန်းထားများ လျာထားသတ်မှတ်နိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက ပြုစုဆောင်ရွက်ခြင်း၊ တိုးမြှင့်သတ်မှတ်မည့် လစာ၊ စရိတ်များအတွက် ဘဏ္ဍာငွေလျာထားချက်များအား သက်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထားခြင်း၊ တိုးမြှင့်သတ်မှတ်သည့် လစာ၊ စရိတ်နှုန်းထားများအား အတည်ပြုနိုင်ရန်နှင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြဆွေးနွေး အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့**ပါကြောင်း။


ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်။

ပြည်ထောင်စုအစိုးရအဖွဲ့သည် အထက်ပါဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စတင်တာဝန် ထမ်းဆောင်သည့်ကာလမှစ၍ ယခုအချိန်အထိ ၂၀၁၂ ခုနှစ်တွင် အပိုထောက်ပံ့ကြေး ကျပ် ၃၀၀၀၀ စီ တိုးမြှင့်ပေးခြင်းနှင့် နေ့စားလုပ်ခနှုန်း ကျပ် ၁၁၀၀ တွင် အပိုထောက်ပံ့ကြေး ကျပ် ၁၀၀၀ ထပ်ဆောင်းပေးခြင်း၊ ၂၀၁၃ ခုနှစ်တွင် လစာနှုန်းများကို ကျပ် ၂၀၀၀၀ စီ တိုးမြှင့်ပေးခြင်းနှင့် နေ့စားလုပ်ခနှုန်းကို ကျပ် ၁၁၀၀ မှ ကျပ် ၁၇၀၀ သို့ တိုးမြှင့်ပေးခြင်း၊ ၂၀၁၄ ခုနှစ်တွင် လစာနှုန်းများကို ကျပ် ၂၀၀၀၀ စီ တိုးမြှင့်ပေးခြင်းနှင့် နေ့စားလုပ်ခနှုန်းကို ကျပ် ၁၇၀၀ မှ ကျပ် ၂၀၀၀ သို့ တိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတအနေဖြင့် ၂၀၁၁ ခုနှစ် မတ် ၃၁ ရက် ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပသည့် မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနား၌ "လွှတ်တော်ကိုယ်စားလှယ်အသီးသီး၏ တင်ပြချက်များအရ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်ပင်စင်တို့ကိုလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံ၍ နိုင်ငံတော်အတွင်း လဲလှယ်သုံးစွဲနေသော ငွေကြေး အခြေအနေ၊ ငွေကြေးဖောင်းပွမှုနှင့် ကုန်ဈေးနှုန်းအခြေအနေ၊ တစ်မျိုးသားလုံး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတို့ကို ထည့်သွင်းစဉ်းစားပြီး သင့်လျော်သော အချိန်ကာလတွင် တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း"ဖြင့် ပြောကြားခဲ့ပါကြောင်း။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✿

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အားကစားကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာမေးခွန်းများနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဖြေကြား

**နေပြည်တော်  မတ်  ၂၆**

ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၃၄) ရက်မြောက်နေ့ကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ကျင်းပရာ အားကစားကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာမေးခွန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း၏ အားကစားတက္ကသိုလ်ဖွင့်လှစ်ရန် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်နှင့် မည်သည့်အချိန်ကာလတွင် စတင်ဖွင့်လှစ်မည်ကို သိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အားကစားတက္ကသိုလ် ဖွင့်လှစ်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုရန်ပုံငွေရရှိပါက တင်ဒါခေါ်ယူပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သင်ရိုးညွှန်းတမ်း ရေးဆွဲပြုစုခြင်းနှင့်


ဒုတိယဝန်ကြီး ဦးသောင်းထိုက်။

အားကစားလေ့ကျင့်ရေးပိုင်းဆိုင်ရာ ကိစ္စများကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆ -၂၀၁၇ ပညာသင်နှစ်တွင် အားကစားတက္ကသိုလ် စတင်ဖွင့်လှစ်သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားသည်။

**ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ၏ ရန်ကုန်ဆေးရုံကြီး အဆင့်မြှင့်ပြုပြင်မွမ်းမံခြင်းကိစ္စနှင့် စပ်လျဉ်းပြီး မည်သည့်ပုဂ္ဂိုလ်များနှင့် မည်သို့ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြန်လည်မွမ်းမံပြင်ဆင်ရာတွင် နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးရန်အတွက် ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးအဖွဲ့တွင် အဖွဲ့ဝင် (၁၂)ဦးဖြင့် "ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးကော်မတီ"ကို ဖွဲ့စည်းထားပါကြောင်း၊ ၎င်းအပြင် အင်္ဂလန်နိုင်ငံမှ ကျန်းမာရေးဝန်ကြီးဟောင်း Mr.Lord Darzi၊ အင်္ဂလန်နိုင်ငံမှ Rangoon General Hospital Reinvigoration Fund ၏ Trustee Dr. Michael Marett-Crosby၊ UK နိုင်ငံမှ Robin Cross, Ian


ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်။

Goodfellow, Louise Hansen Yangon Heritage Trist, မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ဆောက်လုပ်ရေးကုမ္ပဏီ Myanmar Integrated Engineer Group အဖွဲ့၊ Quality Control အဖွဲ့ Nikki Group တို့မှလည်း အဆင့်မြှင့်ပြုပြင်မွမ်းမံရေးလုပ်ငန်းများကို ကူညီလျက်ရှိပါကြောင်း။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံခြင်းနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်ရန် (၂၀၁၃-၂၀၁၄)ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဦးစီးဌာနမှ ခွင့်ပြုငွေ ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း(၅၀၀၀) ခွဲဝေချထားပေးခဲ့ပြီး (၂၀၁၄-၂၀၁၅) ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေ ငွေလုံးငွေရင်း ကျပ်သန်း (၄၅၀၀) ခွဲဝေချထားပေးခဲ့ပါကြောင်း။

ဖေဖော်ဝါရီ ၄ ရက်အထိ တိုးချဲ့ငါးထပ်ဆောင် ဆောက်လုပ်ခြင်း (၁၀၀) ရာခိုင်နှုန်း၊ Cyclotron PET/ CT ဆောက်လုပ်ခြင်း(၉၇)ရာခိုင်နှုန်း၊ အရေးပေါ်နှင့် ပြင်ပလူနာဌာန ပြုပြင်ခြင်းလုပ်ငန်း(၆၀)ရာခိုင်နှုန်း၊ ပင်မဆောင်မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်း (၃၈) ရာခိုင်နှုန်း၊ O 2 Plan ထားရှိရန် အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း(၆၀) ရာခိုင်နှုန်း၊ ဆေးစတိုတည်ဆောက်ခြင်းလုပ်ငန်း (၃၅) ရာခိုင်နှုန်း၊ 1000 KVA Transformer တပ်ဆင်ခြင်း (၅၅)ရာခိုင်နှုန်းနှင့် အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း (၉၅)ရာခိုင်နှုန်း၊ စာသင်ခန်းမ ပြုပြင်ခြင်းလုပ်ငန်း (၅၅) ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော **"မသန်စွမ်းသူများ၏အခွင့်အရေးများ ဥပဒေကြမ်း"နှင့်စပ်လျဉ်း၍** ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

## ရွေးကောက်ပွဲလုံခြုံရေး အသိပညာပေး ဆင့်ပွားသင်တန်းဖွင့်

**ပူတာအို  မတ်  ၂၆**

၂၀၁၅ ခုနှစ်တွင် ကျင်းပမည်ဖြစ်သော ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး အသိပညာပေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို မတ် ၂၃ ရက် နံနက် ၁၀ နာရီခွဲက ပူတာအိုခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဖွင့်ပွဲသို့ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမျိုးသူရနောင်နှင့် ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်နှင့်ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ စခန်းမှူးများနှင့် သင်တန်းသားများ စုစုပေါင်း ၅၀ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခေတ္တခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူးက ရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းစဉ်များ၊ မဲရုံများ၊ မဲစာရင်းများ၊ မဲလက်မှတ်များ သယ်ယူပို့ဆောင်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးဆောင်ရွက်ရမည့်ကိစ္စများနှင့် လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များကိုလည်းကောင်း၊ မိမိတို့ တပ်ဖွဲ့ဝင်များအနေဖြင့် ဆောင်ရန်၊ ရှောင်ရန်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းသို့ ပူတာအိုခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်နှင့် ရဲစခန်းများ၊ ရဲကင်းများမှ သင်တန်းသား ၃၅ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ငါးရက် ကြာမြင့်မည်ဖြစ်သည်။ သင်တန်းတွင် ရွေးကောက်ပွဲမတိုင်မီ အကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲပြီးဆုံးချိန်ကာလများတွင် ဖြစ်ပေါ်လာမည့်အခြေအနေများကို သုံးသပ်ပြီး ဆောင်ရွက်သင့်သည့် လုံခြုံရေးအစီအမံများရေးဆွဲကာ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ဖုန်ကန်(iprd)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် အတည်ပြု

**နေပြည်တော်  မတ်  ၂၆**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့ကို ယနေ့မွန်းတည့် ၁၂ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီက အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ပါဝင်သောအစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ ဆန္ဒသဘောထားကိုရယူ၍ တစ်ပုဒ်ချင်းစီအလိုက် အတည်ပြုခဲ့သည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရာ လွှတ်တော်က အတည်ပြုသည်။ **(သတင်းစဉ်)**


ဥက္ကဋ္ဌ ဦးခင်မောင်ရီ။


ဒုတိယဝန်ကြီး
ဒေါက်တာဇော်မင်းအောင်။

နှစ် (၇၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

# ပြည်သူကဖွား ပြည်သူ့သားတွေ ပြည်သူ့အတွက် အားဖြစ်စေ

ကြယ်စင်နိုင်



(၆၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် စစ်ကြောင်းကြီးများ ချီတက်လာစဉ်။

နွေရာသီ၏သရုပ်ကို တပေါင်းလက ပီပြင်စွာဖော်ကျူးနေလေပြီ။ ခြောက်သွေ့သောရာသီဝယ် လေရူးတို့က တသုန်သုန်တိုက်ခတ်နေသည်။ ရွက်ဟောင်းတို့၏ တဖြောဖြောကြွေကျသံနှင့်အတူ လွမ်းစဖွယ်အော်မြည်နေသော ဥဩငှက်၏တေးသံက နွေ၏အမှတ်သင်္ကေတတစ်ခုပင်ဖြစ်သည်။ ထိုသို့ ခြောက်သွေ့ပူပြင်းမှုများနှင့် ဆန့်ကျင်စွာ စိန်ပန်း၊ ပေါက်ပန်းတို့က ရဲရဲနီစွာဖူးပွင့်နေကြသည်။ ထိုသို့သဘာဝ၏ နီစွေးမှုများနှင့်အပြိုင် မြန်မာလူမျိုးတို့၏ ရဲရင့်သောသတ္တိကိုဖော်ပြနိုင်ခဲ့ပြီး မြန်မာတို့၏တန်ဖိုးရှိလှစွာသော လွတ်လပ်ရေးကိုအရယူပေးနိုင်ခဲ့သည်မှာ ရာသီကာလ တပေါင်းလတွင်ပင်ဖြစ်သည်။ နွေရာသီမိန်ကာလ တပေါင်းလရာသီတွင် မြန်မာ့လွတ်လပ်ရေးအတွက် အစပြုခဲ့သော ထိုနေ့ရက်သည် မြန်မာအမျိုးသားတို့၏ စိတ်နှလုံးအိမ်ဝယ် မမေ့နိုင်သော အဖြစ်အပျက်တစ်ခုအဖြစ် စွဲထင်ကျန်ရစ်နေခဲ့သည်။

လွန်ခဲ့သောနှစ်ပေါင်း (၇၀)။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် မြန်မာ့တပ်မတော်သည် "လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ"ဟူသော သန္နိဋ္ဌာန်ဖြင့် ဖက်ဆစ်တို့ကို တော်လှန်ခဲ့ကာ တပ်မတော်သားတို့၏အသက်သွေးချွေးများစွာပေးဆပ်ပြီး ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။ ထို့ကြောင့် ကမ္ဘာ့မြေပုံပေါ်တွင် မြန်မာနိုင်ငံမြေပုံနှင့် မြန်မာနိုင်ငံအလံတော်သည် ယနေ့အချိန်တည်ရှိနိုင်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာတည်သရွေ့ လွတ်လပ်သော နိုင်ငံ၊ လွတ်လပ်သောလူမျိုးအဖြစ် ရပ်တည်ရှင်သန်နိုင်ရန် ခေတ်မီပြီး အင်အားတောင့်တင်းသော တပ်မတော်တစ်ရပ်ရှိရန် လိုအပ်ပေသည်။ နိုင်ငံနှင့်လူမျိုး တည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်၏အခန်းကဏ္ဍအရေးကြီးပုံကို ရှေးမြန်မာပညာရှိများက ရာဇဝင်ကျမ်းအသီးသီးတွင် ဖော်ပြခဲ့ကြသည်။

ပုဂံ၊ ပင်းယ၊ အင်းဝ၊ ညောင်ရမ်း၊ ကုန်းဘောင် စသည့် ခေတ်အဆက်ဆက် ပြောင်းလဲခဲ့သည့် မြန်မာနိုင်ငံတော်တွင် ရှေးဘုရင်များလက်ထက်ကတည်းက မြို့၏အင်္ဂါခုနစ်ပါးကို (၁)ပြည့်ရှင်မင်း၊ (၂)ဆုံးဖြတ်စီရင်နိုင်သော အမတ်၊ (၃)ပြည်ထောင်ချင်း အဆွေခင်ပွန်းမင်း၊ (၄)ရတနာဆယ်ပါး၊ စပါးမျိုး ခုနစ်ပါးနှင့် ပြည့်သောဘဏ္ဍာတိုက်၊ (၅)မြို့ပြကျုံးမြောင်း ပစ္စင်ရင်လျှောက်၊ (၆) တိုင်းနိုင်ငံနှင့် (၇)ရဲမက်ဗိုလ်ပါဟူ၍ သတ်မှတ်ခဲ့သည်။ ရဲမက်ဗိုလ်ပါကို အင်္ဂါတစ်ပါးအဖြစ် မှန်နန်းရာဇဝင်တော်ကြီးတွင် ထည့်သွင်းထားသည်ကို ကြည့်လျှင် နိုင်ငံတော်တည်ဆောက်ရာတွင် ကာကွယ်ရေးသည် အထူး ဦးစားပေးတစ်ရပ်အဖြစ် လိုအပ်ကြောင်း သိရှိနိုင်ပါသည်။

ပြောင်းလဲလာသည့် သမိုင်းကြောင်းတစ်လျှောက်တွင် အဖြစ်အပျက်များသည် ရေစီးကြောင်းသဖွယ် လျင်မြန်စွာအစဉ်မပြတ် စီးဆင်းသွားခဲ့သည်။ အတိတ်ကို ပြန်ကြည့်မည်ဆိုလျှင် မြန်မာ့သမိုင်းတွင် မြန်မာတို့သည် နိုင်ငံတော်နှင့် နိုင်ငံသားများ အခွန့်ရှည်တည်တံ့စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ မိမိတို့၏ ယဉ်ကျေးမှုဖြစ်သော စာပေ၊ အနုပညာနှင့် ဘာသာ၊ သာသနာတို့ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ထိုအခြင်းအရာများကို ထိခိုက်လာမည်ဆိုပါက အသက်ပေး၍ကာကွယ်ရန် ဝန်မလေးသူများလည်းဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုသို့ကာကွယ်စောင့်ရှောက်ရန် ခိုင်မာရဲရင့်သော စိတ်ဓာတ်၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသော စိတ်ဓာတ်၊ ဇာတိသွေးဇာတိမာန် ထက်သန်ပြီး တာဝန်ကျေပွန်သော စိတ်ဓာတ်တို့ဖြင့် ပြည့်စုံသူများလည်း ဖြစ်သည်။ ထိုစိတ်ဓာတ်များမှာ မြန်မာတို့၏ ထူးခြားသောမွေးရာပါစိတ်ဓာတ်ဟုပင်ဆိုနိုင်သည်။ အမျိုးဘာသာသာသနာကို ထိပါးလာလျှင် ကာကွယ်စောင့်ရှောက်လိုသော၊ ဆတ်ဆတ်ထိမခံ လက်တုံ့ပြန်လိုသော စိတ်ဓာတ်နှင့် အတွေးအခေါ်၊ အယူအဆတို့သည် မြန်မာလူမျိုးတို့၏ အသွေးအသားထဲတွင် ခိုင်မြဲစွာရှိနေသည်ကို တွေ့ရသည်။ ဇာတိသွေး၊ ဇာတိမာန်သည် မြန်မာတို့၏ မွေးရာပါစိတ်ဓာတ်အဖြစ် ခိုင်မြဲရှင်သန်နေပြီး ထိုစိတ်ဓာတ်ဖြင့်ပင် ခေတ်အသီးသီး၌ တပ်မတော်များဖွဲ့စည်းတည်ထောင်ခြင်း၊ တပ်မတော်အတွင်း ဝင်ရောက်အမှုထမ်းခြင်းတို့ကို ပြုလုပ်ကြကြောင်း မြန်မာရာဇဝင်များတွင် အထင်အရှားတွေ့ရှိရပါသည်။

မြန်မာလူမျိုးတို့သည် စစ်သွေးစစ်မာန်အပြည့်ဖြင့် နိုင်ငံတော်နှင့်လူမျိုးကို ကာကွယ်စောင့်ရှောက်လိုကြသည်။ မျိုးချစ်စိတ်ဓာတ် အထူးပြင်းထန်ကြသည်။ အမျိုးကိုထိလျှင် မချိအောင်နာတတ်သောစိတ်ဖြင့် ရန်သူကို တိုက်ခိုက်တတ်သည်။ ထိုစိတ်ဓာတ်ကို ၁၉၄၅ ခုနှစ် မတ်လတော်လှန်ရေးကြီးက သက်သေခံနေပေသည်။ အားမတန်သော်လည်း မလျှော့သောဇွဲမာန်ဖြင့် နှစ်ရှည်လများ ကြိုးစားအားထုတ်ခဲ့မှု၏ ရလဒ်အဖြစ် လွတ်လပ်ရေးတည်းဟူသော အသီးအပွင့်ကို ရရှိခဲ့သည်။ ထိုတော်လှန်ရေးကြီးတွင် တိုင်းရင်းသားပြည်သူအားလုံး ကလေးသူငယ်၊ ယောကျ်ား၊ မိန်းမ၊ ဘုန်းကြီးရဟန်းမကျန် ကျရာတာဝန်ကို ကျေပွန်စွာ တပ်မတော်နှင့် ပူးပေါင်းထမ်းဆောင်ခဲ့သဖြင့် ထိုသို့အောင်ပွဲရခဲ့ခြင်းဖြစ်ပြီး ထိုအောင်ပွဲသည် တပ်မတော်နှင့်ပြည်သူတို့ ပူးပေါင်းဆောင်ရွက်မှု၏ ထင်ရှားသည့် သာဓကတစ်ရပ်ပင်ဖြစ်သည်။

မြန်မာလူမျိုးတို့၏ ဘဝသည် တပ်မတော်နှင့် တစ်ဆက်တည်း တစ်သားတည်းဖြစ်နေသည်ကို ဖျောက်ဖျက်မရအောင် ရှည်လျားလှသော သမိုင်းရာဇဝင် အဆက်ဆက်က ပြသနေပေသည်။ တပ်မတော်ထဲတွင် မိမိတို့၏ သား၊ ညီ၊ မောင်၊ ဦးလေး၊ ဘကြီးစသဖြင့် ဆွေရင်းမျိုးချာတို့ တစ်ဦးမဟုတ်တစ်ဦး ပတ်သက်ပါဝင်နေသည်ဖြစ်ရာ တပ်မတော်နှင့် ပြည်သူ၊ ပြည်သူနှင့်တပ်မတော်သည် ခွဲခြား၍မရစကောင်းသကဲ့သို့ တစ်သားတည်း ဖြစ်နေပေသည်။ ထို့ပြင် တပ်မတော်၏ ရပ်တည်မှုသည် မြန်မာလူမျိုးတို့၏ ဘဝအတွင်းတည်ရှိနေပေသည်။

ရှေးယခင်ကာလက တိုင်းပြည်တွင် စစ်ရေးစစ်ရာ ပေါ်ပေါက်လာပါက တိုင်းပြည်မြို့ရွာများအတွင်း လှည့်လည်ကာ စစ်မြေပြင်သို့ လိုက်ပါမည့်စစ်သည်များကို ဆင့်ခေါ်လေ့ရှိသည်။ စစ်မှုထမ်းလိုသော ယောကျ်ားသားများကလည်း ဓားလွတ်ဆွဲကာ စစ်မြေပြင်သို့ အတူလိုက်ပါမည့်အိုးစားဖက်ကို ရှာဖွေလေ့ရှိသည်။ ရှေးခေတ်မြန်မာ့တပ်မတော်ဟူသည် ပြည်သူများဖြင့် ဖွဲ့စည်းထားသော တပ်မတော်ဖြစ်ကြောင်း ကောင်းစွာသိရှိနိုင်သည်။ ယနေ့ကာလတွင်လည်း မြန်မာနိုင်ငံတွင် စစ်မှုမထမ်းမနေရဥပဒေ ပြဋ္ဌာန်းထားခြင်းမရှိသဖြင့် မိမိစိတ်ဆန္ဒအရ တာဝန်ထမ်းဆောင်လိုသောသူများသည် တပ်မတော်အတွင်း ဝင်ရောက်တာဝန်ထမ်းဆောင်ကြသည်။ ထို့ကြောင့် ယနေ့ခေတ်မြန်မာ့တပ်မတော်သည်လည်း ပြည်သူမှပေါက်ဖွားလာသော ပြည်သူ့သားများဖြင့်သာ ဖွဲ့စည်းထားသော တပ်မတော်ဖြစ်ကြောင်း တွေ့ရှိရသည်။

ပြည်သူ့သားများဖြင့် ဖွဲ့စည်းထားသော တပ်မတော်ဖြစ်သဖြင့် တပ်မတော်သားတို့သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏သစ္စာကို စောင့်သိရိုသေရန်လည်းကောင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားတို့၏ သစ္စာကို စောင့်သိရိုသေရန် လည်းကောင်း၊ အထက်မှပေးအပ်သော အမိန့်နှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန်လည်းကောင်း၊ နိုင်ငံတော်၊ နိုင်ငံသားများနှင့် တပ်မတော်အတွက် အသက်ကိုပင် စွန့်လွှတ်ရန်လည်းကောင်း သစ္စာအဓိဋ္ဌာန် ပြုထားကြသူများဖြစ်သည်။

နိုင်ငံရှိလျှင် နိုင်ငံသားရှိစမြဲဖြစ်သည်။ နိုင်ငံသားရှိလျှင် ကာကွယ်စောင့်ရှောက်ရန် တပ်မတော်လည်းရှိရမည်ပင်ဖြစ်သည်။ တပ်မတော်သည် နိုင်ငံသားများကို ရိုသေလေးစားရန်လိုအပ်သကဲ့သို့ နိုင်ငံသားများကလည်း တပ်မတော်ကို ချစ်ခင်မြတ်နိုးနေရန်လိုအပ်သည်။ မြန်မာ့လွတ်လပ်ရေး ဆုံးရှုံးပြီးနောက်ပိုင်း ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့မှစတင်ကာ တပ်မတော်ကြီး တည်ရှိလာခဲ့သည်မှာ ယခုဆိုလျှင် (၇၄) နှစ်တိုင်ခဲ့ပြီဖြစ်သည်။ တပ်မတော်၏ သမိုင်းတစ်လျှောက်လုံးတွင် ပြည်သူအတွက် လိုအပ်လာပါက စစ်ရေးအားဖြင့်လည်းကောင်း၊ လူမှုရေးအားဖြင့်လည်းကောင်း ကာကွယ်စောင့်ရှောက်လာကြသည်ကို တွေ့နိုင်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်တွင်းပဋိပက္ခများကြားထဲတွင် တပ်မတော်သည် မြန်မာ့လွတ်လပ်ရေး မဆုံးရှုံးစေရန်နှင့် ပြည်ထောင်စုမပြိုကွဲစေရန် စွမ်းဆောင်ကြိုးပမ်းခဲ့သည်။ မချုပ်ငြိမ်းနိုင်သော ပြည်တွင်းစစ်မီးတောက်များကြားတွင် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် တိုင်းပြည်၏အချုပ်အခြာအာဏာကို အတတ်နိုင်ဆုံး စောင့်ရှောက်ကာကွယ်ခဲ့သည်။

ထိုမျှမက ပြည်သူတို့ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးအန္တရာယ်များ၊ အခက်အခဲများကိုလည်း အတတ်နိုင်ဆုံး ဝိုင်းဝန်းကူညီ ဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် မည်သည့်အချိန်တွင်မျှ မေ့ဖျောက်နိုင်မည်မဟုတ်သည့် နာဂစ်ကဲ့သို့သော သဘာဝကပ်ဆိုးကြီးကြောင့် ဘေးဒုက္ခရောက်ခဲ့ရသော ပြည်သူလူထုကို ကူညီကယ်ဆယ်စောင့်ရှောက်ခဲ့သည့် တပ်မတော်သားတို့၏ ပုံရိပ်မှာ ပြည်သူများ၏ အသည်းနှလုံးတွင် ထဲထဲဝင်ဝင်တည်ရှိနေခဲ့သည်။ ထိုမျှမက နေရာဒေသတိုင်းတွင် တွေ့ကြုံနေရသည့် ရေဘေး၊ မီးဘေး၊ ငလျင်ဘေးစသည့် သဘာဝဘေးအန္တရာယ်ကျရောက်တိုင်း ပြည်သူတို့၏ ဘေးတွင် အစဉ်အမြဲရောက်ရှိကူညီနေသည်မှာ တပ်မတော်သားများပင် ဖြစ်သည်။ ထို့အပြင် ငြိမ်းချမ်းရေးမရရှိသေးသည့် နယ်စပ်ဒေသများတွင် အသက်ကိုပဓာနမထားဘဲ ဒေသတည်ငြိမ်အေးချမ်းစေရန်နှင့် အချုပ်အခြာအာဏာခိုင်မြဲစေရန် ဆူးကိုမွေ့ရာ၊ ရင်ကိုမြေကတုတ်လုပ်ကာ တရားသောစစ်ဆင်နွှဲနေသည်မှာလည်း တပ်မတော်သားများပင်ဖြစ်သည်။ တပ်မတော်သည် ပြည်သူမှပေါက်ဖွားလာသော ပြည်သူ့သားများဖြစ်သည့်အလျောက် ပြည်သူတို့အမှန်တကယ်လိုအပ်နေချိန်တွင် "ပြည်သူ့ဘက်သား ပြည်သူ့အား" အဖြစ်တည်ရှိနေသည်မှာ အားလုံးအသိပင်ဖြစ်သည်။

အချိန်ကာလသည် တရွေ့ရွေ့ပြောင်းလဲနေသည်။ ထိုပြောင်းလဲမှုများကြားထဲတွင် မပြောင်းမလဲတည်ရှိနေသည်မှာ တပ်မတော်၏ ပြည်သူအပေါ်ထားရှိသည့် စိတ်ထားပင်ဖြစ်သည်။ ယခု ၂၀၁၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင်ကျရောက်သည့် တပ်မတော်နေ့တွင်လည်း တပ်မတော်သည် နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကိုကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်းပြည်ပအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ဟူသည့် ဦးတည်ချက်များဖြင့် နိုင်ငံတော်နှင့်ပြည်သူ့အတွက် အစဉ်ထာဝရ တည်ရှိနေမည် ဖြစ်ပါတော့သည်။ ။

## ၂၀၁၅ ခုနှစ် နှစ်(၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

☆ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည် ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရေး။

☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်းပြည်ပ အန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး။

## နှစ်(၇၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုကဗျာ

### မြတ်မဟော် နလုံးသား

မြေအစဉ် အားအသစ်နဲ့
အများချစ် တပ်မတော်
များကျိုးပုံဖော်။
အရေးကြုံ သက်လုံကောင်းသမို့
သမိုင်းကြောင်း လှသနော်
မြတ်မဟော် နလုံးသား။
ရေရှည်မျှော်
ရွှေပြည်တော် အလုစ်
ထွန်းသစ်ဆပွား။
ချိန်အခါ ဘယ်မရွေး
သွေး ချွေး အသက်နှင်းဆက်လှူ။
ကြည်ကြည်ဖြူဖြူ။
မှန်သစ္စာ မြတ်တရားရယ်နဲ့
သွေးစကား သက်သေထူ
များပြည်သူ ကောင်းစားရေး။
စိတ်ဓာတ်ခိုင် ယိုင်မလဲ
မြဲမြံတယ်လေး။
သည်မြို့ရွာ သည်ဒေသ
သည်အလှ သည်ရေ မြေ
စိမ်းလန်းစိုပြည်။
ရင်မှာစွဲမြဲတစေ
ဖွံ့ဖြိုးစေ လွန်စည်ကား၊
အေးချမ်းမနေ
ဘေးသန်းစေ အကြံယုတ်တွေနဲ့
ရန်လာလုပ် ဘယ်မခံဘူး
ရဲသွေးလျှံ ရဲမာန်ဝင့်
(အလိုကွယ်) ထူးတင့်စေသား။

ဖိုလေးလုံး သောင်းကိုကို

### ❁ ပြည်ထောင်စုလွှတ်တော်မှ

ထို့ပြင် ၂၀၁၂ ခုနှစ် မတ် ၁ ရက်တွင် ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပသည့် တာဝန်ထမ်းဆောင်မှု (၁)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပြောကြားသည့် မိန့်ခွန်းတွင် "လက်ရှိ နိုင်ငံတော်၏ ငွေကြေးအခြေအနေ၊ ပြည်ပကြွေးမြီ၊ ဘတ်ဂျက်လိုငွေစသည့် မက်ခရိုစီးပွားရေးအခြေအနေ တစ်ရပ်ရပ်အပေါ် မူတည်ပြီး အခြေအနေအချိန်အခါသင့်ရင်သင့်သလို လစာစရိတ်တွေကို တိုးမြှင့်ပေးနိုင်ရန် ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း" ဖြင့်လည်း ထည့်သွင်းမိန့်ကြားခဲ့ပါကြောင်း၊ ထို့ပြင် ၎င်းမိန့်ခွန်းတွင် "ကိုယ့်ယန္တရားတစ်ရပ်တည်းကိုပဲ အလေးပေးစဉ်းစားလို့ မဖြစ်တဲ့အခြေအနေမှာ ကျွန်တော်တို့အနေနဲ့ လစာ သို့မဟုတ် ထောက်ပံ့ကူညီမှုတွေ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ခြုံငုံစဉ်းစား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း" ဖြင့် မိန့်ကြားခဲ့ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့် လုပ်ခနှုန်းများကို တိုးမြှင့်ပေးနိုင်ရန် နိုင်ငံတော်အစိုးရမှ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြသော လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း လွှတ်တော်တွင် ဆွေးနွေးခြင်း၊ အရေးကြီးအဆိုတင်သွင်းခြင်း စသည်ဖြင့် အစဉ်တစိုက် တိုက်တွန်းခဲ့ကြပါကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်အားကို အသိအမှတ်ပြုခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများအပေါ် ထားရှိသည့် စေတနာတရားကို ပြသခြင်းပင်ဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့တင်ပြထားသော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် တိုးမြှင့်သတ်မှတ်သည့် လစာကို မတ် ၂၅ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၅)တွင် အတည်ပြုခဲ့ပါကြောင်း၊ လစာနှုန်းထားများ တိုးမြှင့်ခြင်းမပြုမီလစာနှုန်းထားနှင့် တိုးမြှင့်ပေးမည့် လစာနှုန်းထားများ၏ နှိုင်းယှဉ်မှုအခြေအနေမှာ-

**(က) တိုးမြှင့်ခြင်းမပြုမီ လစာနှုန်းထား**

- အနိမ့်ဆုံးလစာ ကျပ် ၇၅၀၀၀ ဖြင့် ခွင့်ပြုထားပါကြောင်း။
- အမှုထမ်းများအတွက် နှစ်တိုးကို ကျပ် ၁၀၀၀ နှုန်းဖြင့် (၅)ကြိမ်နှင့် ရာထူးတစ်ဆင့်နှင့် တစ်ဆင့်ကို ကျပ် ၁၀၀၀ တိုးမြှင့်ထားပါကြောင်း။
- အမှုထမ်းမှ အရာထမ်းသို့ခြားနားလစာမှာ ကျပ် ၂၄၀၀၀ ဖြစ်ပါကြောင်း။
- အရာထမ်းများအတွက် နှစ်တိုးကို ကျပ် ၂၀၀၀ နှုန်းဖြင့် (၅)ကြိမ်နှင့် ရာထူးတစ်ဆင့်နှင့် တစ်ဆင့်ကို ကျပ် ၁၀၀၀၀ ဖြင့် ဒုညွှန်ချုပ်အဆင့်အထိ တိုးမြှင့်ထားပါကြောင်း။
- ညွှန်ချုပ်နှင့် ဒုညွှန်ချုပ် လစာကွာခြားချက်မှာ ကျပ် ၂၀၀၀၀ ဖြစ်ပါကြောင်း။
- အမြင့်ဆုံးလစာမှာ ကျပ် ၂၅၀၀၀၀ ဖြစ်ပါကြောင်း။
- အနိမ့်ဆုံးနှင့် အမြင့်ဆုံးလစာ ကွာခြားချက်မှာ ၃ ဒသမ ၃ ဆဖြစ်ပါကြောင်း။

**(ခ) တိုးမြှင့်ပေးသည့်လစာနှုန်းထား**

- အနိမ့်ဆုံးလစာ ကျပ် ၁၂၀၀၀၀ ဖြင့် တွက်ချက်ထားပါကြောင်း။
- အမှုထမ်းများအတွက် နှစ်တိုးကို ကျပ် ၂၀၀၀ နှုန်းဖြင့် (၅)ကြိမ်ပေးရန်နှင့် တစ်ဆင့်နှင့် တစ်ဆင့်ကို ကျပ် ၅၀၀၀ တိုးမြှင့်ထားပါကြောင်း။
- အမှုထမ်းမှ အရာထမ်းသို့ ခြားနားလစာမှာ ကျပ် ၃၀၀၀၀ ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများ၏ လစာ၊ စရိတ်နှုန်းထားများ တိုးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ တိုးမြှင့်မည့် လစာ၊ စရိတ်နှုန်းထားများ လျာထားသတ်မှတ်နိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက ပြုစုဆောင်ရွက်ခြင်း၊ တိုးမြှင့်သတ်မှတ်မည့် လစာ၊ စရိတ်များအတွက် ဘဏ္ဍာငွေလျာထားချက်များအား သက်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထားခြင်း၊ တိုးမြှင့်သတ်မှတ်သည့် လစာ၊ စရိတ်နှုန်းထားများအား အတည်ပြုနိုင်ရန်နှင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြဆွေးနွေး အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့။

- အရာထမ်းများအတွက် နှစ်တိုးကို ကျပ် ၄၀၀၀ နှုန်းဖြင့် (၅)ကြိမ်ပေးရန်ဖြစ်ပြီး ရာထူးတစ်ဆင့်နှင့်တစ်ဆင့်ကို ကျပ် ၁၀၀၀၀ ဖြင့် ညွှန်ကြားရေးမှူးအဆင့်အထိ တိုးမြှင့်ထားပါကြောင်း။
- အမြင့်ဆုံးလစာကို ကျပ် ၅၀၀၀၀၀ ဖြင့် တွက်ချက်ထားပါကြောင်း။
- အနိမ့်ဆုံးနှင့် အမြင့်ဆုံးလစာ ကွာခြားချက်မှာ ၄ ဒသမ ၂ ဆဖြစ်ပါကြောင်းဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်ဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာနှင့်ပတ်သက်၍ ခွင့်ပြုပေးနိုင်မည့် နှုန်းထားသတ်မှတ်ချက်အား သီးခြားထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ ဒေသစရိတ်ခံစားခွင့်နှင့် ပတ်သက်၍လည်း စိစစ်သုံးသပ်မှုများ ပြုလုပ်ပြီးပါက သီးခြားထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများအတွက် သတ်မှတ်ထားသော လစာနှင့် စရိတ်နှုန်းထားများနှင့် ခွင့်ပြုပေးနိုင်မည့် အငြိမ်းစားလစာနှင့် ဆုကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးကောင်စီသို့ တင်ပြ၍အတည်ပြုချက် ရယူဆောင်ရွက်စေမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ပထမငါးနှစ်စီမံကိန်း(၂၀၁၁ -၂၀၁၂ မှ ၂၀၁၅ -၂၀၁၆ ခုနှစ်)နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြည်ထောင်စုလွှတ်တော်၏ အဆိုပြုချက်များနှင့်အညီ အနှစ်(၂၀) နှစ်ရှည်အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၁-၂၀၁၂ မှ ၂၀၃၀-၂၀၃၁ ခုနှစ်)အထိ ရေးဆွဲပြုစုခဲ့ပါကြောင်း၊ ပဉ္စမကာလတို ငါးနှစ်စီမံကိန်းဟု ခေါ်ဆိုမှုကို ပထမငါးနှစ်စီမံကိန်း(၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ခုနှစ်)အထိကို အမည်ပြောင်းလဲခေါ်ဆို ပြင်ဆင်ခဲ့ပြီး "ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှု" ခေါင်းစဉ်ဖြင့် ရေးဆွဲထားပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး စီမံကိန်းအုပ်ချုပ်ရေးယန္တရား ပြုပြင်ဖွဲ့စည်းရေး၊ လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှု ပပျောက်ရေးအတွက် ဆောင်ရွက်မှု၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းနှင့် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ ပြန်လည်ပြုပြင်ဖွဲ့စည်းရေးအစီအစဉ်များကို အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ပထမငါးနှစ် စီမံကိန်းတွင် ထည့်သွင်းဖော်ပြခဲ့ပါကြောင်း။

ထို့အပြင် နှစ်စဉ်စီမံကိန်းများတွင်လည်း ထည့်သွင်းရေးဆွဲတင်ပြခဲ့ပြီး နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရင်းနှီးမြှုပ်နှံမှုတို့ကိုလည်း နှစ်စဉ် စီမံကိန်းရည်မှန်းချက်တွင် နောက်ဆက်တွဲဖြင့် ပြည့်စုံစွာဖော်ပြခဲ့ပါကြောင်း၊ ငွေကြေးဖောင်းပွမှုနှုန်းအပါအဝင် အရေးကြီးသည့် စီးပွားရေး၊ လူမှုရေးညွှန်ကိန်း(၁၃)ခုကိုလည်း နိုင်ငံတကာစံနှုန်းများနှင့် နှိုင်းယှဉ်နိုင်ရန် ပထမငါးနှစ်စီမံကိန်းတွင် ထည့်သွင်းဖော်ပြထားပါကြောင်းဖြင့် ရှင်းလင်းတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။ **(သတင်းစဉ်)**




နိုင်ငံကြီးသား ပီသစွာ အခွန် ထမ်းဆောင်တာ စားသုံးပြီးက ပြေစာဖြတ် အခွန်ပါပြီးမှတ်



✻ ကျောဖုံးမှ

တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသည် ပြည်သူလူထု အခြေပြု ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲကာ နိုင်ငံသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်နေရသည့်အပြင် ၂၀၁၅ ခုနှစ်တွင် ဦးစားပေးဆောင်ရွက်နေရသည့် လုပ်ငန်းတာဝန်များမှာ ပဏာမ ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်ရေး၊ ပညာရေးအဆင့်အတန်းမြင့်မားလာစေရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိစေရေး၊ လျှပ်စစ်မီးလုံလောက်စွာရရှိစေရေး၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စသည့်ကဏ္ဍများဖြစ်ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျန်းမာရေးအသုံးစရိတ်ကို ပိုမိုတိုးမြှင့်ပေးပြီး ဆေးရုံဆေးခန်းအတွင်း အခမဲ့ဆေးကုသမှု စတင်ခဲ့ပြီးနောက် ပြည်သူများ၏ အိတ်ထောင်မှ စိုက်ထုတ်ကုန်ကျနေရသည့် ကျန်းမာရေးအသုံးစရိတ်ကို လျှော့ချရာတွင် သက်ဆိုင်ရာစစ်တမ်းများအရ ၈၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့သည်ဟု သိရှိရပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံသားတိုင်း နေရာဒေသမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ လူမှုမျှော်မှန်းသက်တမ်းကို ညီတူညီမျှ တိုးမြှင့်စေရေးကို အားစိုက်ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံသားတိုင်း လူမှုမျှော်မှန်းသက်တမ်း ပိုရှည်ရန် အသက်တစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေးများ သေဆုံးမှုနှုန်းကို လျှော့ချနိုင်ရန် အဓိကဆောင်ရွက်ရမည့် အကြောင်းရင်းတစ်ရပ်ဖြစ်ပြီး ကာကွယ်ဆေးထိုးခြင်းသည် အရေးပါဆုံးအချက်တစ်ခုဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းကို ၁၉၇၈ ခုနှစ်တွင် အသက် တစ်နှစ်အောက် ကလေးများအတွက် ဘီဂျီစီ၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်ရောဂါကာကွယ်ဆေး၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် မေးခိုင်ရောဂါကာကွယ်ဆေးများနှင့် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၁၉၈၇ ခုနှစ်တွင် ဝက်သက်နှင့် ပိုလီယိုရောဂါကာကွယ်ဆေးများနှင့် ၂၀၀၃ ခုနှစ်တွင် အသည်းရောင်အသားဝါ(ဘီ)ရောဂါကာကွယ်ဆေး ထပ်မံထိုးပေးနိုင်ခဲ့ပါကြောင်း။

၂၀၁၂ ခုနှစ်တွင် Haemophilus influenza type –b ကာကွယ်ဆေးအသစ်ပါဝင်သည့် Pentavalent vaccine ကို နိုင်ငံတော်ဘဏ္ဍာငွေ ထည့်ဝင်မှုနှင့် စတင်ထိုးနှံပေးခဲ့ပြီးနောက် အသက် ငါးနှစ်အောက်ကလေးများ သေဆုံးမှုအများဆုံးဖြစ်စေသည့် ပြင်းထန်အဆုတ်ရောင်ရောဂါ သေဆုံးမှုကို သုံးပုံတစ်ပုံခန့်အထိ လျှော့ချပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှ စတင်ကာ အသက် တစ်နှစ်အောက်ကလေးများ ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် ရောဂါရှစ်မျိုးကို ကာကွယ်နိုင်သည့် ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပြီး မြန်မာနိုင်ငံ၏ အသက်ငါးနှစ်အောက် ကလေးများ သေဆုံးမှုအများဆုံးဖြစ်စေသည့် ရောဂါများမှ ကာကွယ်ပေးခဲ့ပါကြောင်း၊ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်မှာ ကိုယ်ဝန်ဆောင်မိခင်များအဖို့ မေးခိုင်ကာကွယ်ဆေး နှစ်ကြိမ်ထိုးခြင်းဖြင့် မိခင်နှင့်မွေးကင်းစကလေးကို မေးခိုင်ရောဂါမှကာကွယ်နိုင်မည်ဖြစ်ပါကြောင်း။

ထောင်စုနှစ်ရည်မှန်းချက် အမှတ်(၄)ပြည့်မီစေရေး အသက်ငါးနှစ်အောက် ကလေးများသေဆုံးမှုကို အရှင်မွေး ၁၀၀၀ တွင် ၄၃ ဦးအထိ လျှော့ချနိုင်ရန်အတွက် ကူးစက်ရောဂါတားဆီးရေးနှင့် ကာကွယ်ဆေးထိုးလွှမ်းခြုံမှုမြင့်မားရေးတို့သည် အဓိကကျနေပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံး ကာကွယ်ဆေးလွှမ်းခြုံမှု ၈၈ ရာခိုင်နှုန်းရရှိခဲ့ပြီး ယခင်နှစ်များထက် တိုးတက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများအပြင် အပိုဆောင်းကာကွယ်ဆေးထိုးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့်သော်လည်းကောင်း၊ နေရာဒေသအလိုက်သော်လည်းကောင်း လိုအပ်သလို ဆောင်ရွက်နေကြောင်းကိုလည်း သိရှိရပါကြောင်း၊ ကာကွယ်ဆေးရရှိသင့်သည့် ကလေးများ တစ်ဦးတစ်ယောက်မျှ မကျန်ရလေအောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ယာယီကယ်ဆယ်ရေးစခန်းများ၊ ဝေးလံခက်ခဲနေရာဒေသများရှိသည့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်များမှ လူအုပ်စုများကိုပါ ကာကွယ်ဆေးထိုးလုပ်ငန်းရောက်ရှိစေခဲ့ပါကြောင်း။

ထိုသို့ ကာကွယ်ဆေးလွှမ်းခြုံမှုမြင့်မားစေရန် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် ရရှိခဲ့သည့် မှတ်တိုင်များမှာ ၂၀၁၀ ခုနှစ်တွင် မိခင်နှင့် မွေးကင်းစကလေး မေးခိုင်ရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ ကင်းဝေးကြောင်း ကြေညာနိုင်ခဲ့ခြင်း၊ ၂၀၁၀ ခုနှစ်တွင် ဝက်သက်ရောဂါကြောင့် သေဆုံးမှုကို ၁၉၉၀ ခုနှစ် သေဆုံးမှုနှုန်း၏ ၉၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ခြင်း၊ မြန်မာနိုင်ငံ၏ ပိုလီယိုကင်းစင်သည့်အခြေအနေကို ၂၀၁၄ ခုနှစ် မတ်လတွင် ရရှိခဲ့ခြင်းတို့ပင်ဖြစ်ပါကြောင်း။

ထပ်မံ၍ ဝက်သက်ရောဂါကင်းစင်မှု၊ ဂျိုက်သိုးနှင့် မွေးရာပါဂျိုက်သိုးရောဂါ လျော့ကျမှုများကို ၂၀၂၀ ခုနှစ်တွင် ရရှိရန်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးအား ၂၀၁၅ ခုနှစ်တွင် ထည့်သွင်းထိုးနှံရန် လျာထားခဲ့ပါကြောင်း၊ ထို့အတွက် ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ဆောင်ရွက်ခဲ့ပါကြောင်း။

ကျောင်းအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်နှင့် တစ်နိုင်ငံလုံးရှိ အသက်ကိုးလမှ (၁၅)နှစ်အထိ ကလေး ၁၇ ဒသမ ၄ သန်းခန့်ကို ကာကွယ်ဆေးထိုးနိုင်ရန် လျာထားခဲ့ရာ ၇ ဒသမ ၈ သန်း ထိုးပေးနိုင်ခဲ့ပြီး ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်တွင် အသက်ငါးနှစ်အောက် ကလေးအပါအဝင် ကျောင်းပြင်ပတွင်ရှိသည့် ကလေး ၈ ဒသမ ၇ သန်းကို ထိုးနှံပေးနိုင်ခဲ့၍ တစ်နိုင်ငံလုံး၏ ၉၅ ရာခိုင်နှုန်း လွှမ်းခြုံမှုရရှိခဲ့ပါကြောင်း။

ဝက်သက်နှင့်ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း အောင်မြင်စေသည့် နောက်ထပ်အဓိကကျသော အကြောင်းရင်းများမှာ GAVI Vaccine alliance ၏ ရန်ပုံငွေပံ့ပိုးမှု၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၏ နည်းပညာပံ့ပိုးမှု၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနများ၏ ပူးပေါင်းကူညီဆောင်ရွက်မှုနှင့် တာဝန်ရှိသူအဆင့်ဆင့်၏ မပြတ်ကြီးကြပ်ဆောင်ရွက်မှုများကြောင့် ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနမှ ကျောင်းဆရာ ဆရာမများ၏ ပူးပေါင်းပါဝင်မှု၊ တာဝန်ယူမှုကြောင့် ကျောင်းသား ကျောင်းသူအားလုံးအတွက် ကာကွယ်ဆေးရရှိစေရန် ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ပညာရေးဝန်ကြီးဌာနကို ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် အခြားလူမှုရေးအသင်းအဖွဲ့များအားလုံးကိုလည်း ကာကွယ်ဆေးထိုးရမည့် ကလေးတစ်ဦးမျှမကျန်ရအောင်စည်းရုံးပြီး ကာကွယ်ဆေးထိုးစုရပ်အရောက် ခေါ်ဆောင်လာနိုင်ခဲ့ကြ၍ ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် ထပ်မံထည့်သွင်းထိုးနှံရမည့် ကာကွယ်ဆေးအသစ်များနှင့် ပတ်သက်၍ လည်းကောင်း၊ ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ဘေးကင်းချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ နည်းပညာဆိုင်ရာ အကူအညီများနှင့် ကျောထောက်နောက်ခံပြုပေးခဲ့သည့် အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ အကြံပေးကော်မတီကိုလည်းကောင်း လေးစားစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါကြောင်း၊ ထို့အပြင် ယခုလုပ်ငန်းအတွက် ပြည်သူလူထုစည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများတွင် ကျယ်ပြန့်စွာ ဆောင်ရွက်ကူညီပေးခဲ့ကြသည့် အနုပညာရှင်များအားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်းကို မှတ်တမ်းတင်အပ်ပါကြောင်း။

နိုင်ငံတစ်ဝန်းလုံး ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို အောင်မြင်စွာ ပါဝင်ဆောင်ရွက်နိုင်ခဲ့ကြသည့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်ဦးစီးဌာနများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ အားလုံးကိုလည်း မြန်မာနိုင်ငံ ပြည်သူလူထုနှင့် ရင်သွေးငယ်များကိုယ်စား ကျေးဇူးအထူးတင်ရှိကြောင်းကို ဂုဏ်ပြုပြောကြားလိုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ပံ့ပိုးသွားရမည်ဖြစ်သည့်အားလျော်စွာ နီးနွှယ်သော ဌာနဆိုင်ရာများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးမှ မြန်မာနိုင်ငံ၏ရင်သွေးငယ်လေးများ၊ ကာကွယ်ဆေးထိုးလုပ်ငန်းအပါအဝင် မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုသီချင်းဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်တို့က နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်း(၂၀၁၅) ဂုဏ်ပြုမှတ်တမ်းလွှာများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများထံ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြပြီး ခန်းမအတွင်း ခင်းကျင်းပြသထားရှိသည့် ပြခန်းငယ်အား လှည့်လည်ကြည့်ရှုကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် စင်ကာပူနိုင်ငံဝါရင့်ဝန်ကြီးချုပ်ဟောင်း မစ္စတာလီကွမ်ယူ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး



**ရန်ကုန် မတ် ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ယနေ့ညနေ ၄ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂၃၆)ရှိ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံရုံး၌ စင်ကာပူနိုင်ငံဝါရင့်ဝန်ကြီးချုပ်ဟောင်း မစ္စတာလီကွမ်ယူ ကွယ်လွန်ခြင်းအတွက် ဖွင့်လှစ်ထားရှိသည့် ဝမ်းနည်းခြင်းအထိမ်းအမှတ် မှတ်တမ်းစာအုပ်၌ ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုးသည်။ **(ဓါတ်ပုံ)**

**(သတင်းစဉ်)**

# မြန်မာ့ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၂၆**

ပထမအကြိမ် မြန်မာ့ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ (Myanmar Trade Development Committee-MTDC) အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (MICC-2) ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ကုန်သွယ်မှုကဏ္ဍလုပ်ငန်းအဖွဲ့ (Trade Sector Working Group-TSDG) မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြောကြားရာတွင် အမျိုးသားပို့ကုန်မဟာဗျူဟာ ရေးဆွဲခြင်းကို ၂၀၁၃ ခုနှစ် မေလ ၂ ရက်နေ့မှစတင်ပြီး ယခုအချိန်တွင် စတင်အကောင်အထည်ဖော်ခြင်းကို ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ စီမံကိန်းကာလမှာ ၂၀၁၅-၂၀၁၆မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ထိဖြစ်ပြီး စီမံကိန်း လုပ်ငန်းအရပ်ရပ်ကို ကြီးကြပ် အကောင်အထည်ဖော်ရာတွင် မြန်မာ့ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ (MTDC) က တာဝန်ယူဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် အမျိုးသားပို့ကုန်မဟာဗျူဟာအတွက်သာ မဟုတ်ဘဲ ကုန်သွယ်မှုကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ဦးစားပေးကဏ္ဍ (၇)ရပ်နှင့် အထောက်အကူပြုကဏ္ဍ (၄)ရပ်ကို ဦးစားပေးအကောင်အထည်ဖော်ပြီး ထပ်မံတိုးချဲ့ဆောင်ရွက်သင့်သည့် ကဏ္ဍများကိုလည်း တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ကော်မတီလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍမှ သက်ဆိုင်သည့် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ ထို့အပြင် ဦးစားပေးအစီအစဉ်များကို စနစ်တကျရေးဆွဲရန် လိုအပ်ကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အစိုးရဝန်ကြီးဌာနအလိုက် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်ခြင်း၊ နိုင်ငံတကာအကူအညီ ရယူ၍ တာဝန်ရှိသူများနှင့် ပူးပေါင်းအကောင်အထည်ဖော်ခြင်း၊ ပုဂ္ဂလိကမှ တာဝန်ယူလုပ်နိုင်သည့် အပိုင်းကို ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုပေးခြင်း စသည့်နည်းလမ်းများနှင့် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ မြန်မာ့ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ (MTDC) ၏ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှု အောင်မြင်စွာ အကောင်အထည်ဖော်မှုနှင့် ပို့ကုန်ဖွံ့ဖြိုးမှုမူချမှတ်ပြီး နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ရန် ထိန်းသိမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများမှ လက်တွေ့အကောင်အထည်ဖော်ရေးအတွက် ကဏ္ဍများအလိုက် ဦးဆောင်တာဝန်ယူ အကောင်အထည်ဖော်မည့် ကော်မတီများအား ပုဂ္ဂလိကနှင့် အစိုးရဌာနများမှ ပါဝင်သင့်သူများဖြင့် ဖွဲ့စည်းရေး၊ ရွေးချယ်ထားသည့် ထုတ်လုပ်ဝန်ဆောင်မှုကဏ္ဍတစ်ခုချင်း၏ ဦးစားပေးလုပ်ငန်းအစီအစဉ် ရွေးချယ်သတ်မှတ်ရေး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ်သတ်မှတ်ရေး၊ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပြန်လည်တင်ပြအစီရင်ခံရေးကိစ္စများအား ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

World Health Day
7 April, 2015
u rmu e;rma&;ae
2015 cEp {yv(7)&uae

"ထုတ်လုပ်မှသည် စားသောက်သည်ထိ အဆင့်ဆင့်သန့်ရှင်းရောဂါကင်း၏"
"From farm to plate, make food safe"

**ကျန်းမာရေးဝန်ကြီးဌာန**

# ဓမ္မာစရိယစာမေးပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၆**

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ဒုတိယနေ့ ဆက်လက်ကျင်းပရာ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၀ တွင် စာဖြေသံဃာတော်များနှင့် သီလရှင်များ စာရင်းသွင်း ၁၈၈၅၇ ပါးအနက် ၁၂၇၂၃ ပါးဖြေဆိုကြသဖြင့် ၆၇ ဒသမ ၄၇ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းတန်ဖိုး မြင့်တက်မှုရှိနေ၍ ပြည်သူများ အသိတရားဖြင့် သတိထားသွားလာကြစေလို

**မော်လမြိုင်ကျွန်း မတ် ၂၆**

ယခုမတ်လဆန်းရက်မှစပြီး နေပူရှိန် မြင့်တက်မှုများရှိနေ၍ နေပူထဲတွင် မဖြစ်မနေ သွားလာလှုပ်ရှားပြီး လုပ်ငန်းခွင်သို့လည်းကောင်း၊ နေအိမ်သို့လည်းကောင်း၊ အရိပ်ကောင်းသော သစ်ပင်ရိပ်များသို့ လည်းကောင်း ပြန်လည်ရောက်ရှိချိန်တွင် အအေးဓာတ်ရရှိစေရန် ခေါင်းလျှော်ခြင်း၊ ရေချိုးခြင်းနှင့်ရေပန်ကာဖြင့် အအေးခံခြင်းများပြုလုပ်မိပါက အပူအအေး အပြောင်းအလဲကြောင့် ရုတ်တရက် အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်ပါသဖြင့် သတိထားကြရန် လိုအပ်သည်။

ယခုအခါ သဘာဝပတ်ဝန်းကျင်တွင် သစ်တောများပြုန်းတီးလာခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်း၊ မြေထု၊ ရေထုများ ညစ်ညမ်းလာခြင်း၊ ကမ္ဘာ့အိုဇုန်းလွှာ ပျက်စီးယိုယွင်းလာခြင်းတို့ကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ကာ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းတန်ဖိုးများ မြင့်တက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးတွင် ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်း ၁၃ ဒသမ ၅ ရှိသည်။

ယင်းခရမ်းလွန်ရောင်ခြည် အညွှန်းကိန်း ၁၃ ထက်ကျော်လွန်သော တိုင်းဒေသကြီး/ပြည်နယ်များမှာ ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်)နှင့် ရှမ်းပြည်နယ်(အရှေ့)တို့ဖြစ်သည်။ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းအမြင့်ဆုံးမှာ တနင်္သာရီတိုင်းဒေသကြီးဖြစ်ပြီး ၁၄ ဒသမ ၆ ရှိသည်။

အဆိုပါ ခရမ်းလွန်ရောင်ခြည်မှာ နေပူရှိန်မြင့်တက်ချိန်များဖြစ်သော နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း ပိုမိုကျရောက်တတ်ပါသဖြင့် ပြည်သူများအနေဖြင့် နေပူရှိန်ထဲတွင် ခရီးသွားလာရပါက ထီး၊ ဦးထုပ်နှင့် အကာအရံပစ္စည်းများ၊ အဖြူရောင် အဝတ်အထည်များ ဝတ်ဆင်ပြီး သတိထားသွားလာ နေထိုင်သင့်ပါကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီးများက ပြောကြားသည်။ **(မော်ကျွန်းမြင့်အောင်)**

# အပြည်ပြည်ဆိုင်ရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၂၆**

မြန်မာ့ကျောက်မျက်ရတနာဈေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံတကာမှ ကျောက်မျက်ရတနာ ပြုလုပ်ခြင်းဆိုင်ရာ နည်းပညာပစ္စည်း အသစ်အဆန်းများအား လေ့လာနိုင်စေရန် ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာ မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ ၂၀၁၅ ကို မတ် ၂၇ ရက်မှ ၃၀ ရက်ထိ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပသွားမည်ဟု သိရသည်။

"ကျွန်မတို့နိုင်ငံက တွင်းထွက်သံယံဇာတ ထွန်းကားတဲ့နိုင်ငံဖြစ်တာနဲ့အညီ ဒေသထွက်ကျောက် အရိုင်းတုံးတွေ၊ ကျောက်စိမ်းတွေ၊ ပတ္တမြားတွေ အကုန်လုံးရရှိနိုင်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတကာက ကျောက်မျက်ပြုလုပ်ခြင်းနဲ့ ပတ်သက်တဲ့ နည်းပညာတွေကို လေ့လာမယ်။ ဖလှယ်ကြမယ်။ လိုအပ်တဲ့ စက်ပစ္စည်းတွေနဲ့ ပေါင်းစပ်အသုံးပြုကြမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ရတနာဈေးကွက် လက်ရှိထက်ပိုပြီး ကျယ်ပြန့်လာမှာပါ"ဟု InTime Media မှ ပြပွဲတာဝန်ခံ မမြမဉ္ဇူက ပြောသည်။

အဆိုပါပြပွဲကို မြန်မာနိုင်ငံတွင် တတိယအကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံ ကျောက်မျက်ရတနာအသင်းမှ အဓိကကူညီပံ့ပိုးပေးထားကာ ယင်းပြပွဲ ဖြစ်မြောက်ရေးအတွက် ကမ္ဘာအေး ကျောက်မျက်ရတနာ အသင်းနှင့် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းမှလည်း ထပ်မံကူညီပံ့ပိုးပေးထားကြောင်း သိရသည်။ ပြပွဲတွင် ထိုင်း၊ ဟောင်ကောင်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ အီတလီ၊ ဂျာမနီနိုင်ငံများမှ ဆိုင်ခန်းပေါင်း ၄၀ ကျော်ဖြင့် ၎င်းတို့ဒေသထွက် ကျောက်မျက်ရတနာများနှင့် လက်မှုရတနာပစ္စည်းများအပြင်၊ နည်းပညာဆိုင်ရာ စက်ပစ္စည်းများ၏ လက်တွေ့အသုံးပြုပုံများကိုလည်း ပြသသွားမည်ဟု သိရသည်။

**(ခင်ဇာလီ)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ရန်ကုန် မတ် ၂၆**

မိုးပွင့်အထူးစီမံချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးဌာနမှူး ဦးထိန်လင်းသိန်းနှင့် လဝကဝန်ထမ်းများသည် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ပြီး ဇွန် ၃၀ ရက်အထိ မြို့နယ်အတွင်း ရပ်ကွက်(၂၁) ရပ်ကွက်အတွင်း အလှည့်ကျ ကွင်းဆင်း၍ အိမ်ထောင်စုစာရင်းများ ပြုလုပ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းများကို မတ် ၂၂ ရက်က အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ အိမ်ထောင်စုစာရင်းရှိသည့် နိုင်ငံသား အရည်အချင်းပြည့်မီသူတို့အား နိုင်ငံသားကတ်ပြားများကို ပေးအပ်ရန်အတွက် တိုင်းဒေသကြီး ဦးစီးဌာနမှူး (ညွှန်ကြားရေးမှူး)ဦးကြည်လင်းက ပေးအပ်ခဲ့သည်။**(ယာပုံ) (၆၈၄)**



# အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေထိ ဖြစ်တတ်သည်။

**လိုက်နာဆောင်ရွက်ရန်**

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# နိုင်ငံ့ဝန်ထမ်းများအတွက် နိုင်ငံတော်၏ ဆောင်ရွက်ပေးမှုများ

သက်ဇင်မိုး

၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်က နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများ တိုးမြှင့်လိုက်သည့် မင်္ဂလာသတင်းကို ကြားသိရသည်။ နိုင်ငံ့ဝန်ထမ်းအားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသလို ဝန်ထမ်း၏ မိဘဆွေမျိုးများသည်လည်း ဝမ်းသာပီတိဖြစ်ကြမည်မှာ မလွဲပါ။ နိုင်ငံ့ဝန်ထမ်းများ၏ လစာတိုးမြှင့်မှုဇယားကို ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၆-၃-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၌ ရှင်းလင်းတင်ပြခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းတင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်က လည်းမှတ်တမ်းတင်ခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း နိုင်ငံ့ဝန်ထမ်းများ၏ လစာတိုးမြှင့်ပေးရေးကို တောင်းဆိုနေကြသည်ဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်ကြီးများလည်း ဝမ်းသာကြည်နူးရှိကြပေမည်။ ဝန်ကြီး၏ ရှင်းလင်းတင်ပြချက်အရ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းတိုးမြှင့်သတ်မှတ်လိုက်သည့် ဇယားမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| အမှတ်စဉ် | လက်ရှိလစာနှုန်း | အမှတ်စဉ် | တိုးမြှင့်လစာနှုန်း |
|---|---|---|---|
| ၁ | ၇၅၀၀၀-၁၀၀၀-၈၀၀၀၀ | ၁ | ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀ |
| ၂ | ၈၁၀၀၀-၁၀၀၀-၈၆၀၀၀ | ၂ | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ |
| ၃ | ၈၇၀၀၀-၁၀၀၀-၉၂၀၀၀ | ၃ | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ |
| ၄ | ၉၃၀၀၀-၁၀၀၀-၉၈၀၀၀ | ၄ | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ |
| ၅ | ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀ | ၅ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ |
| ၆ | ၁၀၅၀၀၀-၁၀၀၀-၁၁၀၀၀၀ | ၆ | ၁၉၅၀၀၀-၂၀၀၀-၂၀၅၀၀၀ |
| ၇ | ၁၁၁၀၀၀-၁၀၀၀-၁၁၆၀၀၀ | ၇ | ၂၁၀၀၀၀-၂၀၀၀-၂၂၀၀၀၀ |
| ၈ | ၁၄၀၀၀၀-၂၀၀၀-၁၅၀၀၀၀ | ၈ | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ |
| ၉ | ၁၆၀၀၀၀-၂၀၀၀-၁၇၀၀၀၀ | ၉ | ၂၈၀၀၀၀-၄၀၀၀-၃၀၀၀၀၀ |
| ၁၀ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၁၀ | ၃၁၀၀၀၀-၄၀၀၀-၃၃၀၀၀၀ |
| ၁၁ | ၂၀၀၀၀၀-၂၀၀၀-၂၁၀၀၀၀ | ၁၁ | ၃၄၀၀၀၀-၄၀၀၀-၃၆၀၀၀၀ |
| ၁၂ | ၂၂၀၀၀၀-၂၀၀၀-၂၃၀၀၀၀ | ၁၂ | ၃၈၀၀၀၀-၄၀၀၀-၄၀၀၀၀၀ |
| ၁၃ | ၂၅၀၀၀၀-၂၀၀၀-၂၆၀၀၀၀ | ၁၃ | ၅၀၀၀၀၀ |

နိုင်ငံ့ဝန်ထမ်းများ၏ လစာတိုးမြှင့်သည်ဆိုရာတွင် အပိုထောက်ပံ့ကြေးပေးအပ်ခြင်း၊ အခြေခံလစာနှုန်းထားတိုးမြှင့်ခြင်း၊ နှစ်တိုးရေတွက်သည့်နှစ်၊ နှစ်တိုးလစာနှုန်းတို့ကို ပြောင်းလဲသတ်မှတ်ပေးခြင်း စသည်ဖြင့် အမျိုးမျိုးရှိရာ ယခုတိုးမြှင့်ပေးသည့်ပုံစံမှာ အခြေခံလစာနှုန်းကို တိုးမြှင့်ပေးသည့်အပြင် နှစ်တိုးလစာနှုန်းကိုလည်း တိုးမြှင့်ပေးခဲ့သည်ကို ဇယားတွင် တွေ့ရှိရပါသည်။

ဝန်ကြီး၏ ရှင်းလင်းတင်ပြချက်အရ လက်ရှိပေးအပ်နေသော အပိုထောက်ပံ့ကြေး ကျပ် ၃၀၀၀၀/-ကို ပယ်ဖျက်မည်ဟု သိရှိရသည်။ ဤနေရာတွင် အချို့က ကျေနပ်မှုရှိကောင်းမှ ရှိပေမည်။ ဥပမာ-အနိမ့်ဆုံးလစာနှုန်း ကျပ် ၇၅၀၀၀/ -မှ စပါသည်။ ဝန်ထမ်းသည် လက်ရှိ ကျပ် ၇၅၀၀၀/- နှင့် အပို ထောက်ပံ့ကြေး ကျပ် ၃၀၀၀၀/- ပေါင်း ကျပ် ၁၀၅၀၀၀/-ခံစားရပါသည်။ ယခု တိုးမြှင့်ပေးသည့် လစာနှုန်းအရ အခြေခံလစာမှာ ကျပ်၁၂၀၀၀၀/- ဖြစ်သဖြင့် ကျပ် ၁၅၀၀၀/-သာ တိုးသည်ဟု အကြမ်းဖျင်းတွက်ချက်နိုင်ပါသည်။ သို့ရာတွင် သက်ဆိုင်ရာ ဝန်ထမ်းအတွက် အကျိုးကျေးဇူးမှာ ထို့ထက်မက ရှိပါသည်။ ၎င်းမှာ ပင်စင်လစာနှင့် ဆုကြေးတိုးမြှင့်ခံစားနိုင်ခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပင်စင်လစာဆုကြေးများ တွက်ချက်သည့်အခါ မူရင်းလစာကိုသာ မူတည်၍ တွက်ချက်ရပြီး အပိုထောက်ပံ့ကြေးသည် ပင်စင်လစာ ဆုကြေးတွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်နိုင်မှုမရှိသည့်အတွက် ဖြစ်ပါသည်။ ၎င်းကို နှိုင်းယှဉ်တွက်ချက်ပြရမည်ဆိုပါက အနိမ့်ဆုံးလစာနှုန်းရရှိသူ လုပ်သက် ၃၀ နှစ်ရှိ ဝန်ထမ်းတစ်ဦး ပင်စင်ယူပါက ရရှိမည့် ပင်စင်လစာနှင့် ဆုကြေးနှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ပင်စင်လစာ** **= နောက်ဆုံးထုတ်လစာ × လုပ်သက်နှစ် × ၁. ၅ %**

**ကျပ် ၇၅၀၀၀ နှုန်း** = ၇၅၀၀၀ × ၃၀ × ၁. ၅ % = ၃၃၇၅၀

**ကျပ် ၁၂၀၀၀၀ နှုန်း** = ၁၂၀၀၀၀ × ၃၀ × ၁. ၅ % = ၅၄၀၀၀

**လုပ်သက်ဆုငွေ** **= နောက်ဆုံးထုတ်လစာ × လုပ်သက်နှစ် × ၅၀ %**

**ကျပ် ၇၅၀၀၀ နှုန်း** = ၇၅၀၀၀ × ၃၀ × ၅၀ % = ၁၁၂၅၀၀၀

**ကျပ် ၁၂၀၀၀၀ နှုန်း** = ၁၂၀၀၀၀ × ၃၀ × ၅၀ % = ၁၈၀၀၀၀၀

သို့ဖြစ်၍ ပင်စင်လစာတွင် တစ်လလျှင် ကျပ် ၂၀၂၅၀/- ပိုမိုရရှိနိုင်ပြီး ပင်စင်ဆုကြေးတွင် ကျပ် ၆၇၅၀၀၀/- ပိုမိုရရှိနိုင်သည်ကို တွေ့ရှိနိုင်ပါသည်။

အနိမ့်ဆုံးမှစ၍ အမြင့်ဆုံးအထိ အဆင့်အသီးသီးတွင်လည်း အလားတူအကျိုးကျေးဇူးရရှိပါသည်။ မိမိတို့နိုင်ငံတွင် ဝန်ထမ်းအသက် (၆၀) ပြည့်၍ ပင်စင်ယူသောအခါဖြစ်စေ၊ သတ်မှတ်လုပ်သက်ပြည့်၍ ပင်စင်ယူသောအခါဖြစ်စေ တည်ဆဲနိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအရ ဝန်ထမ်း၏ အသက်ထက်ဆုံး ပင်စင်လစာ ခံစားခွင့်ပြုထားသည့်အပြင် ဝန်ထမ်းသေဆုံးသည့်အခါ ကျန်ရစ်သူမိသားစုကိုလည်း မိသားစုပင်စင် ခံစားခွင့်များကို နိုင်ငံတော်ကပင် တာဝန်ယူ၍ ဆက်လက်ထောက်ပံ့ပေးနေခြင်း ဖြစ်ပါသည်။ နိုင်ငံတော်၏ နိုင်ငံ့ဝန်ထမ်းများအပေါ် စောင့်ရှောက်မှုမှာ ကြီးမားပါသည်။

တိုးမြှင့်သတ်မှတ်သည့် လစာနှုန်းထားများအရ အဆင့်အလိုက် တိုးမြှင့်ရရှိသည့် မူရင်းလစာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အနိမ့်ဆုံးအဆင့် | အဆင့် | အပိုထောက်ပံ့ကြေး ထည့်မတွက်ပါက | အပိုထောက်ပံ့ကြေး ထည့်တွက်ပါက |
|---|---|---|---|---|
| ၁။ | ၇၅၀၀၀ | အဆင့် (၁) | ၄၅၀၀၀ | ၁၅၀၀၀ |
| ၂။ | ၈၁၀၀၀ | အဆင့် (၂) | ၅၄၀၀၀ | ၂၄၀၀၀ |
| ၃။ | ၈၇၀၀၀ | အဆင့် (၃) | ၆၃၀၀၀ | ၃၃၀၀၀ |
| ၄။ | ၉၃၀၀၀ | အဆင့် (၄) | ၇၂၀၀၀ | ၄၂၀၀၀ |
| ၅။ | ၉၉၀၀၀ | အဆင့် (၅) | ၈၁၀၀၀ | ၅၁၀၀၀ |
| ၆။ | ၁၀၅၀၀၀ | အဆင့် (၆) | ၉၀၀၀၀ | ၆၀၀၀၀ |
| ၇။ | ၁၁၁၀၀၀ | အဆင့် (၇) | ၉၉၀၀၀ | ၆၉၀၀၀ |
| ၈။ | ၁၄၀၀၀၀ | အဆင့် (၈) | ၁၁၀၀၀၀ | ၈၀၀၀၀ |
| ၉။ | ၁၆၀၀၀၀ | အဆင့် (၉) | ၁၂၀၀၀၀ | ၉၀၀၀၀ |
| ၁၀။ | ၁၈၀၀၀၀ | အဆင့် (၁၀) | ၁၃၀၀၀၀ | ၁၀၀၀၀၀ |
| ၁၁။ | ၂၀၀၀၀၀ | အဆင့် (၁၁) | ၁၄၀၀၀၀ | ၁၁၀၀၀၀ |
| ၁၂။ | ၂၂၀၀၀၀ | အဆင့် (၁၂) | ၁၆၀၀၀၀ | ၁၃၀၀၀၀ |
| ၁၃။ | ၂၅၀၀၀၀ | အဆင့် (၁၃) | ၂၅၀၀၀၀ | ၂၂၀၀၀၀ |

သို့ဖြစ်ရာ အပိုထောက်ပံ့ကြေးကိုပါ ထည့်တွက်ပါက အနိမ့်ဆုံးအဆင့်များသည် များစွာမတိုးဟု သုံးသပ်နိုင်သော်လည်း ရေရှည်အတွက်ကိုကြည့်ပါက ဝန်ထမ်းတွင် အကျိုးကျေးဇူးခံစားရပါသည်။ အစိုးရဌာန အဖွဲ့အစည်းများ၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် တာဝန်များအရ အမြင့်ဆုံးအဆင့်ဝန်ထမ်းမှာ အဖွဲ့အစည်းတစ်ခုလုံးကို တာဝန်ခံရသူ၊ တစ်နည်းအားဖြင့် တာဝန်အရှိဆုံး၊ တာဝန်အကြီးဆုံးသူ ဖြစ်ပေသည်။ ရာထူးအဆင့်မြင့်လာလေလေ တာဝန်ကြီးမားလာလေလေ ဖြစ်ပေသည်။ ဦးရေမှာလည်း နည်းသွားမည် ဖြစ်ပေသည်။ အနိမ့်ဆုံးရာထူးအဆင့်များတွင်မူ တာဝန်ခံရမှု အနေအထားနည်းပါးသလို တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်း များစွာမရှိလှပေ။ တာဝန်ကြီးလေးမှု အနေအထားမှာလည်း အဆင့်အလိုက် ကွာခြားမှုရှိပေသည်။ အနိမ့်ဆုံးအဆင့်များတွင် ဝင်ပေါက်ရာထူးအရ ခန့်အပ်ရေးကိစ္စများ ပိုမိုမြန်ဆန်သဖြင့် ဦးရေမှာလည်း များပြားမည်ဖြစ်ပေသည်။ သက်ဆိုင်ရာသို့ စုံစမ်းချက်အရ အနိမ့်ဆုံးအဆင့်များတွင် တစ်နိုင်ငံလုံး စုစုပေါင်း ရုံးအကူ၊ စာပို့ (၁၃၀၀၀၀) ခန့်၊ အငယ်တန်းစာရေး (၂၇၀၀၀၀) ခန့်၊ အကြီးတန်းစာရေး (၂၈၀၀၀၀)ခန့်ရှိကြောင်း သိရှိရပါသည်။ ညွှန်ကြားရေးမှူး အဆင့်မှာ (၇၀၀)ကျော်ခန့်၊ အမြင့်ဆုံးညွှန်ကြားရေးမှူးချုပ် အဆင့်မှာ (၂၅၀)မှ(၃၀၀)ကြား ခန့်သာရှိကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ အဆင့်အလိုက် တိုးမြှင့်ပေးသည့် လစာနှုန်းမှာလည်း ဤသို့ပင် အဘက်ဘက်က စဉ်းစား၍ သင့်တင့်မျှတစွာ တိုးမြှင့်ပေးရခြင်းမျိုး ဖြစ်ပါသည်။

နိုင်ငံ့ဝန်ထမ်းများ လစာတိုးမြှင့်ရေးကို စဉ်းစားသုံးသပ်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေ၊ ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေ၊ လက်ရှိခံစားခွင့်ပြုထားသော နှုန်းထားများ၏ အခြေအနေတို့ကိုအခြေခံ၍ စဉ်းစားရသည်။ ၎င်းအပြင် ထပ်မံစဉ်းစားရသည့်အချက်များမှာ စုစုပေါင်း ဝန်ထမ်းဦးရေ၊ အဆင့်အလိုက် ဝန်ထမ်းဦးရေ၊ အဆင့်အလိုက် ထမ်းဆောင်ရသည့် တာဝန်နှင့် ပေးဆပ်ရသည့်လုပ်အား၊ ပြင်ပမှ ပုဂ္ဂလိက၊ အများပိုင်လုပ်ငန်းများကပေးနိုင်သော အနိမ့်ဆုံးလုပ်ခနှုန်း အခြေအနေ၊ နိုင်ငံတော်၏ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် အချိုးအစား၊ လစာနှုန်းတိုးမြှင့်မှုနှင့်ဆက်စပ်၍ ပေးရသည့်ပင်စင်၊ဆုကြေး၊နေ့တွက်စရိတ်၊ နေ့စားလုပ်ခစသည်များ၊ ပုံသေလစာဖြင့် ခန့်အပ်သည့်ဝန်ထမ်းများ စသည်တို့ ဖြစ်ပါသည်။ ယင်းသို့ အဘက်ဘက်မှ တွက်ချက်စဉ်းစားသုံးသပ်ရသည့်အပြင် လစာနှုန်းတိုးမြှင့်ပေးပြီးနောက် ဖြစ်ပေါ်လာနိုင်သည့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို ကာကွယ်ရန် နည်းလမ်းများကိုလည်း ကြိုတင်မြော်တွေးစဉ်းစားရပါသည်။ ဝန်ထမ်းလစာနှုန်းများ မည်မျှပင်တိုးမြှင့်စေလိုသည်ဖြစ်စေ၊ နိုင်ငံတော်၏ မက်ခရိုစီးပွားရေးတည်ငြိမ်မှုနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှု အရှိန်အဟုန်ကို အထိခိုက်ခံ၍ မဖြစ်ပေ။ အခြားစဉ်းစားဖွယ်ရာတစ်ခုမှာ နိုင်ငံ့ဝန်ထမ်းများအတွက် ဆောင်ရွက်ပေးရာတွင် လစာနှုန်းသာမက ဝန်ထမ်းများနှင့် မိသားစုများ၏ ကျန်းမာရေး၊ ပညာရေးတို့အပါအဝင် လူမှုရေးလိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးသည့် လုပ်ငန်းများလည်း ဆောင်ရွက်ပေးနေရခြင်းကို ထည့်သွင်းစဉ်းစားသင့်ပါသည်။ ဘဏ္ဍာရေးဝန်ကြီး၏ လွှတ်တော်တွင် တင်ပြချက်အရ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ဝန်ထမ်းများ အခမဲ့ဆေးကုသနိုင်ရန် ကျပ် ၃၇ ဒသမ ၄၉၂ ဘီလီယံ ထည့်သွင်းလျာထားကြောင်း၊ ဝန်ထမ်းများကို ပြည်ပပညာတော်သင်စေလွှတ်ခြင်း၊ သင်တန်းများစေလွှတ်ခြင်း၊ ပြည်ပအတွေ့အကြုံရရှိစေရန်၊ ရက်ရှည်ဆွေးနွေးပွဲများ၊ ရက်တိုဆွေးနွေးပွဲများစေလွှတ်ခြင်း၊ ဝန်ထမ်းများတာဝန်ဖြင့် ခရီးသွားလာမှုအတွက် ခရီးစရိတ်များ ခွင့်ပြုရခြင်း၊နေ့တွက်စရိတ်များ ခွင့်ပြုရခြင်း၊ ဝေးလံခေါင်းပါးဒေသများတွင် တာဝန်ထမ်းဆောင်သူများကို ပိုမိုသောလစာနှုန်းထားများဖြင့် ဒေသစရိတ်ချီးမြှင့်ပေးရခြင်း စသည်ဖြင့် ဆောင်ရွက်ပေးမှုများစွာရှိသည်ကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။

အရေးကြီးသည့် သုံးသပ်ရန်အချက်တစ်ခုမှာ နိုင်ငံတော်၏ ဘတ်ဂျက်တွင် ပိုငွေပြ၍ လစာတိုးပေးနိုင်ခြင်း မဟုတ်သည့်အချက်ဖြစ်ပါသည်။ နိုင်ငံတော်၏ ဘတ်ဂျက်သည် များသောအားဖြင့် လိုငွေပြသည့်နှစ်က အများစု ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင်လည်း ၂၀၁၅-၂၀၁၆ ခုနှစ် အပါအဝင် (၅)နှစ်စလုံးတွင် လိုငွေပြ ဘတ်ဂျက်သာ ဖြစ်ပါသည်။ ယင်းသို့ လိုငွေပြဘတ်ဂျက်ဖြစ်ရခြင်းမှာလည်း နိုင်ငံတော်၏ ရငွေသုံးငွေ အခြေအနေတို့အရသာ ဖြစ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးဆဲနိုင်ငံများသာမက စီးပွားရေးဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပါ လိုငွေပြ ဘတ်ဂျက်ဖြင့် ဆောင်ရွက်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

သို့ဖြစ်ရာ လိုငွေပြနေသည့် အခြေအနေကြားမှ ဤသို့တိုးမြှင့်ပေးလိုက်ခြင်းသည် မလွဲမသွေ အခြားသော သာမန်အသုံးစရိတ်များ၊ ငွေလုံးငွေရင်းအသုံးစရိတ်များကို စိစစ်လျှော့ချပြီးမှသာ ဆောင်ရွက်ရခြင်းဖြစ်ပေသည်။ ဤအချက်သည် နိုင်ငံတော်အစိုးရက နိုင်ငံ့ဝန်ထမ်းများ၏ လုပ်အားကို အသိအမှတ်ပြုမှုနှင့် နိုင်ငံ့ဝန်ထမ်းများအပေါ်ထားရှိသည့်စေတနာကို ပြသလိုက်ခြင်းပင်ဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

# ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အခြေခံပညာအဆင့် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများ၏ အမည်စာရင်း

နေပြည်တော် မတ် ၂၆

၂၀၁၄-၂၀၁၅ ပညာသင်နှစ် အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းတို့အတွက် အမှတ်(၁)၊ (၂)၊ (၃) အခြေခံပညာဦးစီးဌာနများအောက်ရှိ အခြေခံပညာကျောင်းများမှ တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် ဘက်စုံထူးချွန်ရွေးချယ်ခံရသူများ၏ အမည်စာရင်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**အမှတ်(၁)အခြေခံပညာဦးစီးဌာန**
**၂၀၁၄-၂၀၁၅ ပညာသင်နှစ်**
**ခရိုင်အလိုက်ရွေးချယ်ထားသည့် ဘက်စုံပညာထူးချွန်ကျောင်းသား၊ ကျောင်းသူများဦးရေစာရင်း**
**(အဋ္ဌမတန်း)**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်စွမ်းပြည့်ထွန်း | အလက၊စက်ရုံ | ဘားအံ | ဘားအံ |
| ၂ | နော်ဆွတ်ကြည်ဝေ | အထက(၁) | ဘားအံ | ဘားအံ |
| ၃ | မောင်ထက်အောင်ပိုင် | အထက(၁) | ကော့ကရိတ် | ကော့ကရိတ် |
| ၄ | မစိမ်းလဲ့လဲ့လွင် | အထက(၁) | ကော့ကရိတ် | ကော့ကရိတ် |
| ၅ | မောင်ပိုင်စိုးအောင် | အထက-ညောင်ဖင် | သရက်ချောင်း | ထားဝယ် |
| ၆ | မဆည်းဆာအိန်ဂျယ်လ် | အထက-ကပြိုင် | သရက်ချောင်း | ထားဝယ် |
| ၇ | မောင်ကောင်းမင်းခန့် | အထက(၁) | မြိတ် | မြိတ် |
| ၈ | မောင်ဟန်ပိုင်ကျော် | အထက(ခွဲ)အဏ္ဏဝါ | မြိတ် | မြိတ် |
| ၉ | မချိုအိမ်စည် | အထက(၁) | မြိတ် | မြိတ် |
| ၁၀ | မအေးသဥ္ဇာခိုင် | အထက | ပုလော | မြိတ် |
| ၁၁ | မောင်ဟန်လင်းဇော် | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၁၂ | မောင်အောင်ဖြိုးမင်း | အထက(ခွဲ) ကျိုးပင်စု | သနပ်ပင် | ပဲခူး |
| ၁၃ | မကေသရီဝင်းလွင် | အထက(၃)၊ပဲခူး | ပဲခူး | ပဲခူး |
| ၁၄ | မသွန်းစုစံ | အထက-ရွှေကျင် | ရွှေကျင် | ပဲခူး |
| ၁၅ | မောင်ကျော်ခန့်ဇော် | အထက(ခွဲ)၊၂ | တောင်ငူ | တောင်ငူ |
| ၁၆ | မောင်မင်းသစ်ထွန်း | အထက | ရေတာရှည် | တောင်ငူ |
| ၁၇ | မနှင်းအိန္ဒြာဝေ | အထက(၁) | တောင်ငူ | တောင်ငူ |
| ၁၈ | မချောစုစုလင်း | အထက(၁) | ဖြူး | တောင်ငူ |
| ၁၉ | မောင်ကောင်းခန့်စည် | အထက(၁) | ပြည် | ပြည် |
| ၂၀ | မောင်ဘုန်းသက်ခိုင် | အထက-ဆင်တဲ | ပန်းတောင်း | ပြည် |
| ၂၁ | မခိုင်သီရိဇင် | အထက(၁) | ပြည် | ပြည် |
| ၂၂ | မသူသူသင်ဇာအောင် | အထက-ဆင်တဲ | ပန်းတောင်း | ပြည် |
| ၂၃ | မရွှေရည်ယမင်း | အထက(ခွဲ)၊ မြို့မ | လက်ပံတန်း | သာယာဝတီ |
| ၂၄ | မောင်မင်းအောင်ကျော် | အထက | မိုးညို | သာယာဝတီ |
| ၂၅ | မောင်ကောင်းမြတ်ဇော် | အထက | အုတ်ဖို | သာယာဝတီ |
| ၂၆ | မအေးချမ်းသဇင် | အထက | အုတ်ဖို | သာယာဝတီ |
| ၂၇ | မောင်မင်းမြတ်သူ | အထက(၆) | မော်လမြိုင် | မော်လမြိုင် |
| ၂၈ | မောင်ဟိန်းဉာဏ်စွမ်း | အထက(၁) | သံဖြူဇရပ် | မော်လမြိုင် |
| ၂၉ | မနှင်းသုန်သုန် | အထက(၁) | သံဖြူဇရပ် | မော်လမြိုင် |
| ၃၀ | မလှယဉ်ကျေး | အထက(၉) | မော်လမြိုင် | မော်လမြိုင် |
| ၃၁ | မောင်ဇေယျာလင်း | အလက၊ နဝရတ် | ကျိုက်ထို | သထုံ |
| ၃၂ | မပြည့်ပြည့်သော် | အထက(၁) | ကျိုက်ထို | သထုံ |
| ၃၃ | မောင်ခိုင်စိုးလင်း | အထက(၁) | စစ်တွေ | စစ်တွေ |
| ၃၄ | မခိုင်ဝေဝေကျော် | အထက(၂) | စစ်တွေ | စစ်တွေ |
| ၃၅ | မောင်ကျော်နေလင်း | အထက-တပ်တောင် | အမ်း | ကျောက်ဖြူ |
| ၃၆ | မဆုမွန်ကျော် | အထက(၂) | အမ်း | ကျောက်ဖြူ |
| ၃၇ | မောင်သီဟညွန့်ဇော် | အထက၊ ဂွ | ဂွ | သံတွဲ |
| ၃၈ | မချမ်းမြေ့ခင် | အထက(ခွဲ)၊ မြို့မ | သံတွဲ | သံတွဲ |
| ၃၉ | မောင်ကျော်စိုးလွင် | အထက(ခွဲ)၊ မြို့မ | ကျောက်တော် | မြောက်ဦး |
| ၄၀ | မခိုင်နန္ဒာလင်း | အထက-မြေပုံ | မြေပုံ | မြောက်ဦး |
| ၄၁ | မောင်ကျော်ဇော်သိန်း | အထက | မောင်တော | မောင်တော |
| ၄၂ | မဖြိုးဝေခင် | အထက(ခွဲ)၊ လ(၁) | မောင်တော | မောင်တော |
| ၄၃ | မောင်စိုးညီညီအောင် | အထက(၆) | ပုသိမ် | ပုသိမ် |
| ၄၄ | မောင်ခိုင်ခန့်ဇော် | အထက | ရေကြည် | ပုသိမ် |
| ၄၅ | မယမင်းအိအိ | အထက(၂) | ပုသိမ် | ပုသိမ် |
| ၄၆ | မအေးချမ်းစိမ့် | အထက | ရေကြည် | ပုသိမ် |
| ၄၇ | မောင်ဥသျှံအောင် | အထက(၁) | ဟင်္သာတ | ဟင်္သာတ |
| ၄၈ | မောင်ဝေဖြိုးဦး | အထက | ကြံခင်း | ဟင်္သာတ |
| ၄၉ | မသံစဉ် | အလက(၁) | ဟင်္သာတ | ဟင်္သာတ |
| ၅၀ | မအေးခန့်ကျော် | အထက | ကြံခင်း | ဟင်္သာတ |
| ၅၁ | မောင်ဉာဏ်လင်း | အထက | အိမ်မဲ | မြောင်းမြ |
| ၅၂ | မခိုင်ဇာနှင်းဝေ | အထက(၁) | ဝါးခယ်မ | မြောင်းမြ |
| ၅၃ | မောင်အောင်ကောင်းမြတ် | အထက(၁) | လပွတ္တာ | လပွတ္တာ |
| ၅၄ | မချမ်းမြေ့သီရိ | အထက(၁) | လပွတ္တာ | လပွတ္တာ |
| ၅၅ | မောင်စွမ်းရည်ထက် | အထက(ခွဲ)၊ မနော် | ပန်းတနော် | မအူပင် |
| ၅၆ | မမေဘုန်းဇော် | အထက(၂) | ညောင်တုန်း | မအူပင် |
| ၅၇ | မောင်နေသူရိန်ဦး | အထက(၁) | ကျိုက်လတ် | ဖျာပုံ |
| ၅၈ | မစုစန္ဒီလင်း | အထက(၁) | ကျိုက်လတ် | ဖျာပုံ |

**အမှတ်(၁)အခြေခံပညာဦးစီးဌာန**
**၂၀၁၄-၂၀၁၅ ပညာသင်နှစ်**
**ခရိုင်အလိုက်ရွေးချယ်ထားသည့် ဘက်စုံပညာထူးချွန်ကျောင်းသား၊ ကျောင်းသူများဦးရေစာရင်း**
**(နဝမတန်း)**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်ခွန်မိုးကျော် | အထက၊ ကော့ကျိုက် | ဘားအံ | ဘားအံ |
| ၂ | မသင်းစုမွန် | အထက(၁) | ဘားအံ | ဘားအံ |
| ၃ | မောင်မင်းခန့်အောင် | အထက | ကြာအင်းဆိပ်ကြီး | ကော့ကရိတ် |
| ၄ | မကောင်းထက်ထက်စံ | အထက | ကြာအင်းဆိပ်ကြီး | ကော့ကရိတ် |
| ၅ | မောင်သူရိန်ဝင်းဟိန်း | အထက(၁) | ထားဝယ် | ထားဝယ် |
| ၆ | မချိုချိုသော်တာထွန်း | အထက(၁) | ထားဝယ် | ထားဝယ် |
| ၇ | မောင်ထက်အောင် | အထက(၁) | မြိတ် | မြိတ် |
| ၈ | မောင်ကျော်စွာဟိန်း | အထက၊ အေးရိပ်ငြိမ် | ကော့သောင်း | မြိတ် |
| ၉ | မမေမြတ်နိုးခင် | အထက(၁) | မြိတ် | မြိတ် |
| ၁၀ | မခင်ရတနာထွန်း | အထက(ခွဲ) | ပုလော | မြိတ် |
| ၁၁ | မောင်ဓူဝံဦး | အထက | သနပ်ပင် | ပဲခူး |
| ၁၂ | မောင်အောင်ကောင်းမြတ် | အထက(၃) | ပဲခူး | ပဲခူး |
| ၁၃ | မသဥ္ဇာဆွေ | အထက(၃) | ပဲခူး | ပဲခူး |
| ၁၄ | မသဥ္ဇာမြင့်မြတ် | အထက(၁)၊ပြွန်တန်ဆာ | ညောင်လေးပင် | ပဲခူး |
| ၁၅ | မောင်ညီညီဇော် | အထက(၂)၊ ဖြူး | ဖြူး | တောင်ငူ |
| ၁၆ | မောင်ပြည့်ထူးခန့် | အထက(ခွဲ)၊ ၂ | တောင်ငူ | တောင်ငူ |
| ၁၇ | မသင်းစုစုဇင် | အထက(ခွဲ)၊ ၂ | တောင်ငူ | တောင်ငူ |
| ၁၈ | မမြတ်မိုမိုအောင် | အထက-ဝဲကြီး | ဖြူး | တောင်ငူ |
| ၁၉ | မောင်ထူးကိုကိုအောင် | အထက(၁) | ပြည် | ပြည် |
| ၂၀ | မောင်သက်ခိုင်ထွန်း | အထက-အင်းမ | သဲကုန်း | ပြည် |
| ၂၁ | မောင်ပိုးနှင်းဖြူ | အထက(၁) | ပြည် | ပြည် |
| ၂၂ | မခင်ငြိမ်းချမ်း | အထက-ဆင်တဲ | ပန်းတောင်း | ပြည် |
| ၂၃ | မောင်ဟိန်းထက်နိုင် | အထက-ပန်းတင် | ကြို့ပင်ကောက် | သာယာဝတီ |
| ၂၄ | မောင်အောင်စွမ်းထက်ပိုင် | ကပကThe best | ဇီးကုန်း | သာယာဝတီ |
| ၂၅ | မအိအိခိုင် | အထက(၁) | လက်ပံတန်း | သာယာဝတီ |
| ၂၆ | မအိန္ဒြေ | အထက | အုတ်ဖို | သာယာဝတီ |
| ၂၇ | မောင်ဥက္ကာကျော် | အထက(၆) | မော်လမြိုင် | မော်လမြိုင် |
| ၂၈ | မောင်ကောင်းဆက်စံ | အထက(၁) | သံဖြူဇရပ် | မော်လမြိုင် |
| ၂၉ | မအိန္ဒြေမိုးကျော် | အထက(၉) | မော်လမြိုင် | မော်လမြိုင် |
| ၃၀ | မငယ်ငယ်ငုဝါ | အထက | ချောင်းဆုံ | မော်လမြိုင် |
| ၃၁ | မောင်အောင်ကျော်ခန့် | အထက(၂) | ကျိုက်ထို | သထုံ |
| ၃၂ | မမြကေခိုင် | အထက(၂) | သထုံ | သထုံ |
| ၃၃ | မောင်မင်းမြတ်ခိုင် | အထက(၂) | စစ်တွေ | စစ်တွေ |
| ၃၄ | မခင်ထက်ထက်ကျော် | အထက(၂) | စစ်တွေ | စစ်တွေ |
| ၃၅ | မောင်စိုးနေရ | အထက(ခွဲ)၊ လ-၂ | ကျောက်ဖြူ | ကျောက်ဖြူ |
| ၃၆ | မမြတ်သဇင် | အထက(၂) | အမ်း | ကျောက်ဖြူ |
| ၃၇ | မောင်အောင်သူရမင်း | အထက(၁) | သံတွဲ | သံတွဲ |
| ၃၈ | မမေသက်ခိုင် | အထက(၁) | သံတွဲ | သံတွဲ |
| ၃၉ | မောင်ဇေယျာဝင်းတင့် | အထက-မြေပုံ | မြေပုံ | မြောက်ဦး |
| ၄၀ | မခင်ဘုန်းချစ် | အထက၊ ကမ်းထောင်းကြီး | မြေပုံ | မြောက်ဦး |
| ၄၁ | မောင်မြတ်မင်းခန့် | အထက၊ ဘူးသီးတောင် | ဘူးသီးတောင် | မောင်တော |

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

● စာမျက်နှာ ၁၁ မှ

အမှတ်(၁)အခြေခံပညာဦးစီးဌာန
၂၀၁၄-၂၀၁၅ ပညာသင်နှစ်
ခရိုင်အလိုက်ရွေးချယ်ထားသည့် ဘက်စုံပညာထူးချွန်ကျောင်းသား၊ ကျောင်းသူများဦးရေစာရင်း
(နဝမတန်း)

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၄၂ | မဆုသဇင် | အထက(ခွဲ)လ-၁ | ဘုုးသီးတောင် | မောင်တော |
| ၄၃ | မောင်ပိုင်ဖြိုးအောင် | အထက(၂) | ပုသိမ် | ပုသိမ် |
| ၄၄ | မောင်နိုင်ထက်အောင် | အထက | ငပုတော | ပုသိမ် |
| ၄၅ | မလင်းလက်ခင် | အထက(၂) | ပုသိမ် | ပုသိမ် |
| ၄၆ | မမေသက်မှူးခင် | အထက | ရေကြည် | ပုသိမ် |
| ၄၇ | မောင်ကောင်းထက်စံ | အထက(၃) | ဟသ်ာတ | ဟသ်ာတ |
| ၄၈ | မောင်ဟိန်းသုတ | အထက | မြန်အောင် | ဟသ်ာတ |
| ၄၉ | မထက်အိန္ဒြာလင်း | အထက | ကြံခင်း | ဟသ်ာတ |
| ၅၀ | မဇင်မေသိမ့် | အထက | မြန်အောင် | ဟသ်ာတ |
| ၅၁ | မောင်ပိုင်ခန့်ကျော် | ကပက-မဟာ | မြောင်းမြ | မြောင်းမြ |
| ၅၂ | မပိုပိုအောင် | အထက-ကြို့ကုန်း | အိမ်မဲ | မြောင်းမြ |
| ၅၃ | မောင်သူရအောင် | အထက၊ပျားမွတ်လျှောချောင်း | မော်ကျွန်း | လပွတ္တာ |
| ၅၄ | မသည်းအိမ်စည် | အထက(၁) | လပွတ္တာ | လပွတ္တာ |
| ၅၅ | မောင်မင်းခန့်စိုး | အထက(ခွဲ)၊ လ-၁ | မအူပင် | မအူပင် |
| ၅၆ | မဖြူဖြူခိုင် | အထက | ဓနုဖြူ | မအူပင် |
| ၅၇ | မောင်ဟန်လင်းအောင် | အထက(ခွဲ)၊ လ-၁ | ဖျာပုံ | ဖျာပုံ |
| ၅၈ | မသက်စုစုအေး | အထက(၁) | ဖျာပုံ | ဖျာပုံ |

အမှတ်(၁)အခြေခံပညာဦးစီးဌာန
၂၀၁၄-၂၀၁၅ ပညာသင်နှစ်
ခရိုင်အလိုက်ရွေးချယ်ထားသည့် ဘက်စုံပညာထူးချွန်ကျောင်းသား၊ ကျောင်းသူများဦးရေစာရင်း
(ဒသမတန်း)

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | ခွန်ဇင်ကိုနိုင် | အထက(၃) | ဘားအံ | ဘားအံ |
| ၂ | မခိုင်စံပယ်အောင် | အထက(၁) | ဘားအံ | ဘားအံ |
| ၃ | မောင်ဖြိုးသုတထွန်း | အထက(၁) | ကော့ကရိတ် | ကော့ကရိတ် |
| ၄ | မဖြူစင်သန့် | အထက(၁) | ကော့ကရိတ် | ကော့ကရိတ် |
| ၅ | မောင်ရဲထက်ကျော် | အထက(ခွဲ)၊ကနက်သီရိ | သရက်ချောင်း | ထားဝယ် |
| ၆ | မနှင်းဆုမြတ် | အထက(၂) | ထားဝယ် | ထားဝယ် |
| ၇ | မောင်ငြိမ်းချမ်းအောင် | အထက(၁) | မြိတ် | မြိတ် |
| ၈ | မောင်ငြိမ်းချမ်းဦး | အထက-စခန်းသစ် | ကျွန်းစု | မြိတ် |
| ၉ | မရွှေရည်ရတနာ | အထက(၁) | မြိတ် | မြိတ် |
| ၁၀ | မခက်အိမ့်မှူးကျော် | အထက(ခွဲ)၊တို | မြိတ် | မြိတ် |
| ၁၁ | မောင်ထက်လင်းအောင် | အထက(၃) | ပဲခူး | ပဲခူး |
| ၁၂ | မောင်ဝင်းပိုင်မှူးသွင် | အထက | ကျောက်တံခါး | ပဲခူး |
| ၁၃ | မနှင်းနန္ဒာကျော် | အထက(၃) | ပဲခူး | ပဲခူး |
| ၁၄ | မအိသဥ္ဇာထွန်း | အထက(၁) | ညောင်လေးပင် | ပဲခူး |
| ၁၅ | မောင်လပြည့်ဝန်း | အထက | ရေတာရှည် | တောင်ငူ |
| ၁၆ | မောင်ပြည့်မင်းထက် | အထက၊ညောင်ပင်သာ | ဖြူး | တောင်ငူ |
| ၁၇ | မမေသူအောင် | အထက(၁) | တောင်ငူ | တောင်ငူ |
| ၁၈ | မသင်းနန္ဒာဆွေ | အထက၊ညောင်ပင်သာ | ဖြူး | တောင်ငူ |
| ၁၉ | မောင်ဖြိုးမင်းခန့် | အထက(၁) | ပြည် | ပြည် |
| ၂၀ | မောင်ဝင်းမင်းထက် | ကပက၊ကဝိစည်သူ | သဲကုန်း | ပြည် |
| ၂၁ | မကောင်းမြတ်သဥ္ဇာမြင့် | ကပက၊ PEC | ပြည် | ပြည် |
| ၂၂ | မခြူးမို့မို့အောင် | အထက-ဆင်တဲ | ပန်းတောင်း | ပြည် |
| ၂၃ | မောင်အောင်ဟိန်းမြတ် | ကပက-ရွှေဝတီ | သာယာဝတီ | သာယာဝတီ |
| ၂၄ | မောင်ဘုန်းစဉ်ကြယ် | အထက | မင်းလှ | သာယာဝတီ |
| ၂၅ | မဆုရည်တိုးလှိုင် | အထက | အုတ်ဖို | သာယာဝတီ |
| ၂၆ | မဧကရီအေးချမ်း | အထက၊မြို့မ | နတ်တလင်း | သာယာဝတီ |
| ၂၇ | မောင်သူရထွဋ် | အထက(၂) | မုဒုံ | မော်လမြိုင် |
| ၂၈ | မောင်ဟန်ထက်နိုင် | ကပက၊ပါရမီ | မော်လမြိုင် | မော်လမြိုင် |
| ၂၉ | မစိုးရတနာထွန်း | ကပက၊ပါရမီ | မော်လမြိုင် | မော်လမြိုင် |
| ၃၀ | မဝန်းရတီ | အထက(၁)၊မုဒုံ | မုဒုံ | မော်လမြိုင် |
| ၃၁ | မောင်သက်ကိုကိုအောင် | အထက(၂) | သထုံ | သထုံ |
| ၃၂ | မခင်ချမ်းမြေ့လှိုင် | အထက(၂) | ကျိုက်ထို | သထုံ |
| ၃၃ | မောင်သူရိန်ထွန်း | အထက(၂) | စစ်တွေ | စစ်တွေ |
| ၃၄ | မသဲနုစံ | အထက(၂) | စစ်တွေ | စစ်တွေ |
| ၃၅ | မောင်နိုင်ဇော်ထွန်း | အထက-ဇိုင်ချောင် | ကျောက်ဖြူ | ကျောက်ဖြူ |
| ၃၆ | မမေသီရိလွင် | အထက-မာန်အောင် | မာန်အောင် | ကျောက်ဖြူ |
| ၃၇ | မောင်ဇော်လင်းထက် | အထက(၁) | သံတွဲ | သံတွဲ |
| ၃၈ | မအိမွန်ထွေး | အထက(၁) | တောင်ကုတ် | သံတွဲ |
| ၃၉ | မောင်ကောင်းမြတ်ကျော် | အထက | မြေပုံ | မြောက်ဦး |
| ၄၀ | မစိုးစန္ဒာထွန်း | အထက | ကျောက်တော် | မြောက်ဦး |
| ၄၁ | မောင်ညီညီစိုး | အထက(ခွဲ)၊လ-၁ | ဘူးသီးတောင် | မောင်တော |
| ၄၂ | မောင်ပြည့်မြတ်နိုးထွန်း | အထက(ခွဲ)၊လ-၁ | ဘူးသီးတောင် | မောင်တော |
| ၄၃ | မောင်မြတ်ဖြိုးတင့် | ကပက-ကံ့ကော်မြိုင် | ကျောင်းကုန်း | ပုသိမ် |
| ၄၄ | မောင်သိန်းထက်အောင် | အထက-သာပေါင်း | သာပေါင်း | ပုသိမ် |
| ၄၅ | မခင်ထူးထက်ခိုင် | အထက(၆) | ပုသိမ် | ပုသိမ် |
| ၄၆ | နန့်နေခြည်ငြိမ်းထက် | ကပက၊ဘဝရှေ့ဆောင် | ကျောင်းကုန်း | ပုသိမ် |
| ၄၇ | မောင်ကျော်ဆုသိမ်း | အထက(၁) | ဟသ်ာတ | ဟသ်ာတ |
| ၄၈ | မောင်ပိုင်သက်ထူးအောင် | အထက | မြန်အောင် | ဟသ်ာတ |
| ၄၉ | မလင်းဝတ်ရည်ထွေး | အထက(၄) | ဟသ်ာတ | ဟသ်ာတ |
| ၅၀ | မယွန်းမီမီထက် | အထက | ကြံခင်း | ဟသ်ာတ |
| ၅၁ | မောင်ကျော်နန္ဒ | အထက | အိမ်မဲ | မြောင်းမြ |
| ၅၂ | မသက်အိမွန် | အထက-အိမ်မဲကြီး | အိမ်မဲ | မြောင်းမြ |
| ၅၃ | မောင်အောင်မြတ်သူ | အထက(၁) | မော်ကျွန်း | လပွတ္တာ |
| ၅၄ | မနှင်းအေးသန့် | အထက(၁) | လပွတ္တာ | လပွတ္တာ |
| ၅၅ | မောင်ရဲမာန်ဦး | အထက(၂) | မအူပင် | မအူပင် |
| ၅၆ | မစုလှဲ့ရည် | အထက | ဓနုဖြူ | မအူပင် |
| ၅၇ | မောင်မြတ်မင်းခန့် | အထက(၁) | ကျိုက်လတ် | ဖျာပုံ |
| ၅၈ | မခင်သစ်ဆွေ | အထက(၁) | ဒေးဒရဲ | ဖျာပုံ |

*(ဆက်လက်ဖော်ပြပါမည်)*

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်ပုံနှိပ်သတင်းစာများအား Digital သတင်းစာများအဖြစ်ပါ ဝန်ဆောင်မှုတိုးမြှင့်နိုင်ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို လက်ရှိထုတ်ဝေနေသော ပုံနှိပ်သတင်းစာများအပြင် ယနေ့ခေတ်တွင် လူအများအလွယ်တကူ သုံးစွဲလျက်ရှိသည့် အဆင့်မြင့်မိုဘိုင်းတယ်လီဖုန်းများ၊ တက်ဘလက်များ၊ အိုင်ပက်များအစရှိသည့် ဒစ်ဂျစ်တယ်ပစ္စည်းများဖြင့် ဖတ်ရှုနိုင်သည့် (Digital) သတင်းစာများအဖြစ်ပါ တိုးမြှင့်ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ပါ၍ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို သတင်းစာတစ်စောင်ခြင်းအလိုက် Website ထူထောင်ခြင်းနှင့် Digital သတင်းစာအဖြစ် ထုတ်လုပ်ခြင်းများအတွက် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် မည်သူမဆို စိတ်ပါဝင်စားမှု အဆိုပြုလွှာများပေးပို့ကြရန် ဖိတ်ခေါ်ပါသည်။

၃။ အဆိုပြုလွှာများကို ၂၄-၄-၂၀၁၅ ရက် နံနက် (၀၉း၃၀)နာရီမှ (၁၆း၃၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇) နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ကာလထက်ကျော်လွန်သော အဆိုပြုလွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပြုလွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါပုံစံများအား ၂၆-၃-၂၀၁၅ ရက်နေ့မှ ၂၄-၄-၂၀၁၅ ရက်နေ့အထိ နေ့စဉ်နံနက် (၀၉း၃၀)နာရီမှ (၁၆း၃၀)နာရီအတွင်း အောက်ဖော်ပြပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

**အဆိုပြုလွှာပုံစံများထုတ်ယူရန်လိပ်စာ**
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈

**အဆိုပြုလွှာတင်သွင်းရန်လိပ်စာ**
ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်ဖုန်း ၀၆၇-၄၁၂၃၂၇

**✻ မြန်မာ့လက်ရွေးစင်မှ**

ရှေ့တန်း-ကျော်ကိုကို၊ စိုးမင်းနိုင်နှင့် ဇင်မင်းထွန်းတို့ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အဆိုပါ ခြေစမ်းပွဲအတွက် မတ် ၁၂ ရက်မှစ၍ ပဏာမကစားသမား ၂၅ ဦးဖြင့် စတင်လေ့ကျင့်ပြင်ဆင်ခဲ့ပြီး မတ် ၂၄ ရက်တွင် MNL-2 ကလပ် မြဝတီအသင်းနှင့် ခြေစမ်းကစားခဲ့ရာ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အပြီးသတ်ရွေးချယ်ရာတွင် ဂိုးသမားနှစ်ဦးဖြစ်သည့် ချမ်းငြိမ်းကျော်နှင့် ဇော်ထက်လင်းတို့အပါအဝင် ဒဏ်ရာပြဿနာရှိနေသည့် ကျော်ဇေယျာဝင်း၊ ဇော်မင်းထွန်းနှင့် မင်းမင်းသူတို့ကျန်ရစ်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့်အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့သည် မတ် ၃၀ ရက်တွက် အင်ဒိုနီးရှားနိုင်ငံရှိ Delfa Stadium တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**အားကစား**
**မြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်**
**မူးယစ်ဆေး**

# ရွိုင်းဟော့ဂ်ဆန်နှင့် စာချုပ်ဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်ရန် အက်ဖ်အေစီစဉ်



အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ) သည် လက်ရှိအင်္ဂလန်လက်ရွေးစင်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်နှင့် တစ်နှစ်တာကာလအတွင်း စာချုပ်ဆိုင်ရာဆွေးနွေးမှုများပြုလုပ်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အသက်(၆၇)နှစ်အရွယ်ရှိ အင်္ဂလန်အသင်းနည်းပြရွိုင်းဟော့ဂ်ဆန်သည် ၂၀၁၂ ခုနှစ် မေလအတွင်းက နည်းပြကာပယ်လို၏ နေရာတွင် အစားထိုးနည်းပြအဖြစ် တာဝန်ယူခဲ့ကာ အောင်မြင်မှုများ ရရှိခဲ့သော်လည်း ပြီးခဲ့သည့်နှစ် ဘရာဇီး ကမ္ဘာ့ဖလားပြိုင်ပွဲတွင်မူ အင်္ဂလန်အသင်းသည် အုပ်စုအဆင့်မှပင် ထွက်ခဲ့ရသည်။

သို့ရာတွင် လက်ရှိကစားလျက်ရှိသည့်ယူရို ၂၀၁၆ ဝင်ခွင့်ပြိုင်ပွဲတွင်မူ အင်္ဂလန်အသင်းသည် ပထမလေးပွဲ ကစားအပြီးတွင် လေးပွဲစလုံးအနိုင်ရရှိကာ အုပ်စုတွင် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ ရွိုင်းဟော့ဂ်ဆန်၏ အင်္ဂလန်အသင်းနှင့် လက်ရှိစာချုပ်သက်တမ်းသည် ပြင်သစ်မြေ၌ ယှဉ်ပြိုင်ကစားမည့် ယူရို ၂၀၁၆ ပြိုင်ပွဲအပြီးတွင် ကုန်ဆုံးမည်ဖြစ်သောကြောင့် လာမည့်တစ်နှစ်တာကာလအတွင်း ရွိုင်းဟော့ဂ်ဆန်အား စာချုပ်သက်တမ်းတိုးရန် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်အနေဖြင့် စီစဉ်နေခြင်းဖြစ်သည်။

အင်္ဂလန်အသင်းအား ကိုင်တွယ်ခဲ့သည့် နည်းပြများ၏ စွမ်းဆောင်ရည်ကိုပြန်ကြည့်မည်ဆိုပါက လက်ရှိနည်းပြ ရွိုင်းဟော့ဂ်ဆန်လက်ထက်တွင် ၃၇ ပွဲကစား၊ ၂၁ ပွဲနိုင်၊ ၁၁ ပွဲသရေ၊ ငါးပွဲရှုံး ရလဒ်ဖြင့်လည်းကောင်း၊ နည်းပြ ကာပယ်လိုလက်ထက်တွင် ၄၂ ပွဲကစား၊ ၂၈ ပွဲနိုင်၊ ရှစ်ပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်ဖြင့်လည်းကောင်း၊ နည်းပြ မက်ကလာရန်လက်ထက်တွင် ၁၈ ပွဲကစား၊ ကိုးပွဲနိုင်၊ လေးပွဲသရေ၊ ငါးပွဲရှုံးရလဒ်ဖြင့်လည်းကောင်း၊ နည်းပြအဲရစ်ဆင် လက်ထက်တွင် ၆၇ ပွဲကစား၊ ပွဲ ၄၀ နိုင်၊ ၁၇ ပွဲသရေ၊ ၁၀ ပွဲရှုံးရလဒ်ဖြင့် လည်းကောင်း မကြာသေးမီနှစ်များအတွင်း ကိုင်တွယ်ခဲ့သည့်နည်းပြများ၏ စွမ်းဆောင်ရည်ကို မြင်တွေ့ရမည်ဖြစ်သည်။

လက်ရှိအင်္ဂလန်နည်းပြ ရွိုင်းဟော့ဂ်ဆန်သည် ၁၉၉၂ ခုနှစ်မှ ၁၉၉၅ ခုနှစ်အတွင်း ဆွစ်ဇာလန်အသင်းကို ကိုင်တွယ်ခဲ့ပြီး အင်္ဂလန်အသင်းသို့ ရောက်ရှိလာသည့် ၂၀၁၂ ခုနှစ်တွင် ယူရို ၂၀၁၂ ပြိုင်ပွဲ၌ အင်္ဂလန်အသင်းအား ကွာတားဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်အောင်စွမ်းဆောင်ပေးနိုင်ခဲ့သည်။ သို့သော် ကွာတားဖိုင်နယ်အဆင့်တွင် အီတလီအသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

အင်္ဂလန်အသင်းသည် ၂၀၁၄ ဘရာဇီးကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ခြေစစ်ပွဲများတွင် ခြောက်ပွဲနိုင်၊ လေးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ဖြင့် ကမ္ဘာ့ဖလားဝင်ခွင့်ရရှိခဲ့သော်လည်း ဘရာဇီးမြေ၌ နိုင်ပွဲတစ်ပွဲမျှ ရရှိခဲ့ခြင်းမရှိခဲ့ပေ။ သို့သော်လည်း လက်ရှိ ယူရို ၂၀၁၆ ဝင်ခွင့်ပြိုင်ပွဲတွင်မူ ဆွစ်ဇာလန်၊ ဆန်မာရီနို၊ အက်စ်တိုးနီးယားနှင့် ဆလိုဗေးနီးယားအသင်းတို့နှင့် ကစားခဲ့သည့် ပွဲစဉ်လေးပွဲမှ ရမှတ် ၁၁ မှတ်အထိ ရရှိထားခဲ့ပြီး ယူရို ၂၀၁၆ ပြိုင်ပွဲဝင်ခွင့်အတွက် အလားအလာကောင်းတစ်ရပ် ပိုင်ဆိုင်နေသည်။ ထိုသို့ စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် နည်းပြ ရွိုင်းဟော့ဂ်ဆန်အား အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က စာချုပ်သက်တမ်းတိုးရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။ **(နိုင်လင်းကြည်)**

## မက်ဆီလက်ထိဘောကျူးလွန်ခဲ့သော်လည်း မိမိနှင့်မတူညီသော ဆက်ဆံရေးမျိုးရရှိခဲ့ဟု ပြင်သစ်တိုက်စစ်မှူးဟောင်း အွန်နရီဆို

ယခင်အာဆင်နယ်နှင့် ဘာစီလိုနာကြယ်ပွင့်ဟောင်း အွန်နရီသည် ၂၀၁၀ ကမ္ဘာ့ဖလားဝင်ခွင့် ထပ်ဆင့်ခြေစစ်ပွဲတွင် ပြင်သစ်အသင်းဘက်မှ အိုင်ယာလန်အသင်းသို့ သွင်းယူလိုက်သော လက်ထိဘောကြောင့် အပြင်းအထန်ဝေဖန်ခြင်းခံခဲ့ရသူဖြစ်သည်။ အွန်နရီက မက်ဆီသည်လည်း အလားတူဖြစ်ရပ်မျိုး ကျူးလွန်ခဲ့သော်လည်း အဆိုပါကစားသမားကို "အံ့ဖွယ်မော်ကစားသမား" ဟု ကင်ပွန်းတပ်ခဲ့ပြီး ၎င်းကိုမူ "ဆိုးရွားသော အပြုအမူမျိုးပြုလုပ်လေ့ရှိသော ကစားသမား"ဟု သတ်မှတ်ခဲ့ခြင်းမှာ မမျှတဟု ဖွင့်ဟခဲ့သည်။

ယခင် ပြင်သစ်လက်ရွေးစင်တိုက်စစ်မှူးက ၂၀၁၀ ကမ္ဘာ့ဖလား ထပ်ဆင့်ခြေစစ်ပွဲ ဒုတိယအကျော့ပွဲစဉ်၌ ဘောလုံးကို ထိန်းသိမ်းရန် လက်ကိုအသုံးပြုခဲ့ပြီး အဆိုပါလက်ထိဘောမှတစ်ဆင့် ဂိုးရရှိခဲ့ကာ ပြင်သစ်က အိုင်ယာလန်အား နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် အွန်နရီအား ဘောလုံးလောကအသိုင်းအဝိုင်းမှ အပြင်းအထန်ဝေဖန်ခဲ့ပြီး ပြင်သစ်မှာခြေစွမ်းပိုင်းအားဖြင့် အိုင်ယာလန်ကို အနိုင်ရစရာ အကြောင်းမရှိဘဲ အကယ်၍ အိုင်ယာလန်သာ ခြေစစ်ပွဲအောင်မြင်ခဲ့ပါက ၂၀၁၀ တောင်အာဖရိကတွင် အုပ်စုအဆင့်မှ လှည့်ပြန်ရန်အကြောင်းမရှိဟု ဝေဖန်ခဲ့ကြသည်။ သို့သော် အွန်နရီ၏ ဘာစီလိုနာကစားဖော်ဟောင်း မက်ဆီသည်လည်း ၂၀၀၇ ခုနှစ် အက်စ်ပန်ညိုဘက်သို့ သွင်းယူခဲ့သောဂိုးမှာ လက်ဖြင့်ထိန်းသိမ်းကာရယူခဲ့သော်လည်း မက်ဆီမှာထိုကဲ့သို့ စရိုက်မျိုးမရှိဟူသော ကာကွယ်ပြောဆိုမှုများ ပြုလုပ်ခဲ့ခြင်းမှာ မျှတမှုမရှိဟု ဝေဖန်ခဲ့သည်။

အွန်နရီက Canal Plus နှင့်တွေ့ဆုံရာတွင် "ခင်ဗျားတို့အနေနဲ့ ကျွန်တော်က ကွင်းထဲမှာလက်ကို အကြိမ်ပေါင်းများစွာ အသုံးပြုပြီး ဂိုးတွေရယူတယ်လို့ ပြောချင်မှာပါ။ ဟုတ်ပါတယ်။ လက်ကိုအသုံးပြုခဲ့မိတဲ့အတွက် စိတ်မကောင်းပါဘူး။ အာဆင်နယ် သူရဲကောင်းဘရက်ဒီနဲ့တွေ့တော့ ခင်ဗျားအဲဒီတုန်းကဘောလုံးကိုလက်နဲ့ထိမိခဲ့တာလားလို့ သူကကျွန်တော့်ကို မေးတယ်။ ဟုတ်ပါတယ်လို့ပဲ ကျွန်တော်ဖြေခဲ့တယ်။ ကျွန်တော်ရိုးရိုးသားသားပြောရရင် ဒါကလူကိုလိုက်ပြီးအမျိုးမျိုးပြောနေတာပဲ။ မက်ဆီက အက်စ်ပန်ညိုကို သွင်းတဲ့ဂိုးက သူဘောလုံးကိုရဖို့ ဒိုင်ဗင်ပစ်ပြီး လက်နဲ့ထိန်းခဲ့တယ်။ ဒါကို လူတွေက မာရာဒိုနာလို နောက်မော်ဆန်တဲ့ကစားသမားဆိုပြီး ဝိုင်းချီးကျူးခဲ့တယ်။ ကျွန်တော့်ကျတော့ သူတစ်ပါးမျှော်လင့်ချက်ကို ရိုက်ချိုးဖျက်ဆီးသူလို့ ကင်ပွန်းတပ်ခဲ့ကြတယ်"ဟု ဆိုသည်။

အွန်နရီသည် ယင်းလက်ထိဘောဖြစ်ရပ်ကျူးလွန်ပြီး ခြောက်လအကြာတွင် ဘာစီလိုနာမှ အမေရိကန်မေဂျာလိဂ်ကလပ် နယူးယောက်ရက်ဘူးလ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့သည်။ **(မေလှဲ့သင်း)**

## မြန်မာအသင်းပါဝင်သည့် အာရှယူ-၂၃ ခြေစစ်ပွဲ အုပ်စု(ဆ) ယနေ့စတင်မည်

အာရှဘောလုံးအဖွဲ့ချုပ် (AFC)က ကြီးမှူးကျင်းပလျက်ရှိသည့် အာရှယူ-၂၃ ခြေစစ်ပွဲများမှာ စတင်ယှဉ်ပြိုင်နေပြီဖြစ်ပြီး မြန်မာအသင်းပါဝင်သော ခြေစစ်ပွဲအုပ်စု (F)ပွဲစဉ်များမှာ မတ် ၂၇ ရက်တွင်စတင်မည်ဖြစ်သည်။

အဆိုပါ အုပ်စု(F)ပွဲစဉ်များကို တရုတ်(တိုင်ပေ)၌ ကျင်းပမည်ဖြစ်ပြီး ဩစတြေးလျ၊ မြန်မာ၊ တရုတ်(တိုင်ပေ) နှင့် ဟောင်ကောင်အသင်းတို့ ပါဝင်လျက်ရှိသည်။ ပွဲဦးထွက်ပွဲစဉ်အဖြစ် မတ် ၂၇ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဩစတြေးလျနှင့် ဟောင်ကောင်၊ ညနေ ၅ နာရီခွဲတွင် မြန်မာနှင့် တရုတ်(တိုင်ပေ) အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယနေ့ကစားမည့်ပွဲတွင် မြန်မာအသင်း၌ လူစုံနီးပါး ပါဝင်နိုင်မည်ဖြစ်ပြီး တောင်ပံကစားသမား စည်သူအောင်မှာ ဒဏ်ရာပြဿနာကြောင့် ပါဝင်နိုင်ရန်မသေချာသေးကြောင်း သိရသည်။

မြန်မာအသင်းသည် ခြေစစ်ပွဲအဖြစ် မတ် ၂၉ ရက်တွင် ဟောင်ကောင်၊ မတ် ၃၁ ရက်တွင် ဩစတြေးလျအသင်းတို့နှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အာရှ ယူ-၂၃ ခြေစစ်ပွဲကို အသင်းပေါင်း ၄၃ သင်း ယှဉ်ပြိုင်နေပြီး အုပ်စု ၁၀ ခုခွဲကာ ကျင်းပလျက်ရှိသည်။ အုပ်စုတစ်ခုစီမှ ထိပ်ဆုံး ၁၀ သင်းနှင့် အကောင်းဆုံး အုပ်စု ဒုတိယရ ငါးသင်းတို့မှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ကြောင်း သိရသည်။ **(ချစ်ကိုကို)**

## အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၂၆**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ CEPSA က အဓိက ကူညီပံ့ပိုးသော ၂၀၁၅ ခုနှစ် အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲနှင့် CEPSA Junior Open Championships 2015တင်းနစ်ပြိုင်ပွဲများ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၂၅ ရက်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းနားကို ကျင်းပရာ ပြိုင်ပွဲများတွင် ဆုရရှိသူများအား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ပထမဦးဆုံးအကြိမ် ကျင်းပသော CEPSA Junior Open Championships 2015 မျိုးဆက်သစ်လူငယ်(၁၀)နှစ်နှင့်အောက် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဟန်သူသူထက်၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် မောင်အုပ်စိုး၊ (၁၂)နှစ်နှင့်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် မင်းမင်းသူ၊ (၁၄)နှစ်နှင့်အောက် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဆုရတီ၊ (၁၄)နှစ်နှင့်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ရဲမင်းပိုင်တို့က ဗိုလ်စွဲသွားကြသည်။

အမျိုးသားအလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲတွင် အောင်ကျော်နိုင်၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် အောင်ကျော်နိုင်နှင့် မင်းမင်းအတွဲ၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် နီလာဝင်း၊ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် အောင်ကျော်နိုင်နှင့် အေမီထွန်းအတွဲ၊ အမျိုးသား (၃၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် မင်းမင်း၊ (၄၅)နှစ်နှင့် အထက် တစ်ဦးချင်းပြိုင်ပွဲတွင် အေးထွန်း၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ဇော်ဇော်နှင့် အောင်မိုးအတွဲ၊ (၅၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် အောင်မိုး၊ (၆၀) နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ခင်မောင်ထွေး၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် တင်ဦးနှင့် မန်းသိန်းစိုးအတွဲတို့က ဗိုလ်စွဲသွားကြကြောင်း သိရသည်။ **(ကြေးမုံ)**

## အင်တာမီလန်တိုက်စစ်မှူးအီကာဒီအား ခေါ်ယူရန် မန်ယူပစ်မှတ်ထား

အင်္ဂလန် ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် လာမည့်နွေရာသီ အပြောင်းအရွှေ့ ကာလအတွင်း အသင်း၏ တိုက်စစ်ကို အားဖြည့်ရန်အတွက် အင်တာမီလန်အသင်း၏ အာဂျင်တီးနားတိုက်စစ်မှူး မော်ရို အီကာဒီအား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်းသိရသည်။

မန်ယူအသင်းမှာ လာမည့်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလားကို ပြန်လည်ချိန်ရွယ်နေခြင်းဖြစ်ပြီး နွေရာသီကာလ၌ ကစားသမားသစ်များကို ခေါ်ယူသွားရန် စီစဉ်နေခြင်းလည်း ဖြစ်သည်။ မန်ယူနည်းပြဖြစ်သူ လူးဝစ်ဗန်ဟားလ်အနေဖြင့် နွေရာသီအပြောင်းအရွှေ့ကာလအတွင်း တိုက်စစ်မှူးတစ်ဦးကို မဖြစ်မနေခေါ်ယူရန် ဆန္ဒရှိနေပြီး အင်တာမီလန်အသင်းတွင် ခြေစွမ်းပြနေသည့် အီကာဒီအား ပစ်မှတ်ထားလာခြင်းဖြစ်သည်။ ထို့ကြောင့် ဗန်ဟားလ်မှာ ၎င်း၏ ခြေစွမ်းအားကြည့်ရှုရန်အတွက် အသင်း၏ ကင်းထောက်များ ပြီးခဲ့သည့် တနင်္ဂနွေနေ့က ကစားခဲ့သည့် ဆမ်ဒိုးရီးယားအသင်းနှင့် ပွဲစဉ်အားစေလွှတ်ခဲ့ပြီး အင်တာမီလန်အသင်းမှာ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ထို့ပြင် အင်တာမီလန်အသင်းမှာ အီကာဒီအားလက်လွှတ်သွားမည် မဟုတ်ဘဲ စာချုပ်သက်တမ်းတိုးမြှင့်ရန် ကြိုးပမ်းနေကြောင်း သတင်းများ ထွက်ပေါ်နေသော်လည်း အနိမ့်ဆုံးပေါင်သန်း ၂၀ ခန့် ရရှိပါက မန်ယူအသင်းထံ ရောင်းထုတ်ဖွယ်ရှိနေကြောင်း ဗြိတိန်သတင်းစာ Metro က ဖော်ပြခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ အာဂျင်တီးနား လက်ရွေးစင်တိုက်စစ်မှူး အီကာဒီမှာ ဘာစီလိုနာလူငယ်အကယ်ဒမီမှ ပေါ်ထွက်လာခဲ့သည့် ကစားသမားတစ်ဦးဖြစ်ပြီး အင်တာမီလန်အသင်းအတွက် ၄၈ ပွဲ ပါဝင်ကစားကာ ၂၄ ဂိုးသွင်း ယူပေးခဲ့ကြောင်း သိရသည်။ **(ကိုရဲ)**

## ဘရာဇီးပြန်လည်ရှင်သန်လာခြင်းတွင် နေမာကအဓိကကျဟု ဂီရော့ဒ်ချီးကျူး

ပြင်သစ်တိုက်စစ်မှူး ဂီရော့ဒ်က နေမာအနေဖြင့် ဘာစီလိုနာတွင် အခြေကျရန်ကာလတစ်ခုကို ဖြတ်သန်းခဲ့ရပြီးနောက် အဆိုပါကစားသမားသည် နိုင်ငံလက်ရွေးစင်အသင်းအတွက်လည်းကောင်း၊ ကလပ်အသင်းအတွက်လည်းကောင်း အဓိကသော့ချက်ကစားသမားဖြစ်လာခဲ့ပြီဟု ချီးကျူးပြောကြားခဲ့သည်။

ကမ္ဘာ့ဖလားပွဲစဉ်တွင် ဘရာဇီးက ဂျာမနီအား အိမ်ကွင်း၌ အရှက်တကွဲရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြစကိုလာရီ နေရာတွင် အစားထိုးဝင်ရောက်လာသော နည်းပြသစ်ဒွန်ဂါက နေမာအား အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ခဲ့သည်။

သို့သော် ဂီရော့ဒ်က နေမာအပါအဝင် ဘရာဇီးအသင်းသားများအနေဖြင့် ပြင်သစ်အား စတိတ်ဒီဖရန့်ကွင်း၌ အနိုင်ယူရန်ဆိုသည်မှာ မဖြစ်နိုင်ဘဲ ပြင်သစ်ကသာ ၎င်းတို့၏ အိမ်မက်ကို အေးခဲစေလောက်အောင်စွမ်းဆောင်နိုင်သော ခြေစွမ်းမျိုးဖြင့် တုံ့ပြန်မည်ဟူ၍လည်း သတိပေးပြောကြားခဲ့သည်။ပြင်သစ်အသင်းသည် ၂၀၁၆ ဥရောပဖလား အိမ်ရှင်အဖြစ်ကျင်းပခွင့်ရသော အသင်းဖြစ်ရာ တစ်ကျော့ပြန် ချန်ပီယံအိပ်မက်အတွက် ကမ္ဘာ့အင်အားကြီးအသင်းကြီးများနှင့်ခြေစွမ်းပွဲများ တောက်လျှောက်ကစားနေခဲ့ပြီး ပြီးခဲ့သည့် နိုဝင်ဘာလကပင် စပိန်နှင့် ပေါ်တူဂီနှစ်သင်းလုံးကို အနိုင်ကစားထားခဲ့သည်။

ဂီရော့ဒ်က "နေမာဟာ ဘရာဇီးရဲ့ အသင်းခေါင်းဆောင်ဖြစ်သလို ဥရောပရဲ့ကစားဟန်နှင့်လည်း အံဝင်ခွင်ကျကစားနိုင်ခဲ့တယ်။ သူက တောင်အမေရိကမှာလည်း အင်အားတောင့်တင်းတဲ့ပုံရိပ်လွှာပိုင်ရှင်ပါပဲ။ သူက ဘရာဇီးအတွက် မရှိမဖြစ် ကစားသမားဖြစ်သလို ဘာစီလိုနာအတွက်လည်း အလွန်အရေးပါတဲ့ ကစားသမားပါ။ ဒါကြောင့် ကျွန်တော်တို့ကစားတဲ့အခါ သူ့ကို ဂရုထားပြီး ကစားနိုင်ဖို့ လိုပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာက ကျွန်တော်တို့ ပြင်သစ်အသင်းက ကမ္ဘာ့အင်အားကြီးဘောလုံးအသင်းတွေကို အနိုင်ကစားနိုင်ခဲ့ပြီး ခိုင်မြဲတဲ့ပုံစံနဲ့ တိုးတက်နေတဲ့ အသင်းပါ။ အခုကလည်း ချစ်ကြည်ရေးခြေစွမ်းပွဲဆိုပေမယ့် ဘရာဇီးလိုအသင်းမျိုးနဲ့ ယှဉ်ပြိုင်ရမှာပါ"ဟု ပြောကြားခဲ့သည်။ **(မေလှဲ့သင်း)**

# ပခုက္ကူ၊ မိုင်းပန်၊ ဖာပွန်၊ ဗန်းမောက်၊ သပိတ်ကျင်း၊ မိုးကုတ်၊ တကောင်း၊ ဆော၊ ဟားခါး၊ ဘီးလင်း၊ လုံးတုံ၊ ပူတာအိုနှင့် နောင်မွန်း ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများမှ ဒစ်ဂျစ်တယ်စနစ် (DVB-T2) ဖြင့် စတင် စမ်းသပ်ထုတ်လွှင့်လျက်ရှိ

**နေပြည်တော် မတ် ၂၆**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် Analogue စနစ်မှ Digital စနစ်သို့ အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်ဖြစ်သည့် စစ်ကိုင်း၊ ပျဉ်းမနား(နေပြည်တော်)၊ တပ်ကုန်း (နေပြည်တော်)နှင့် ရန်ကုန်တို့တွင် DVB-T2 စနစ်ဖြင့် (၁၅-၁၀-၂၀၁၃) ရက်နေ့တွင် စတင်ထုတ်လွှင့်ခဲ့ပါသည်။ ဒုတိယအဆင့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ (၂၂)ရုံဖြစ်သည့် မော်လမြိုင်၊ ဘားအံ၊ မိတ္ထီလာ၊ တောင်ငူ၊ တောင်ကြီး၊ ပုသိမ်၊ ကျောင်းကုန်း၊ မင်းဘူး၊ ပုပ္ပား၊ စစ်တွေ၊ ပြည်၊ ပဲခူး၊ လွိုင်ကော်၊ လားရှိုး၊ ညောင်လေးပင်၊ မုံရွာ၊ မြစ်ကြီးနား၊ ကျိုင်းတုံ၊ မြိတ်၊ ကနေဒီ၊ ဖလမ်းနှင့် ဟသ်ာတ ရုပ်သံစက်ရုံတို့တွင် DVB-T2 စနစ်ဖြင့် ထုတ်လွှင့်မှုများ ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တတိယအဆင့် ဆောင်ရွက်သွားမည့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၆၉ ရုံအနက် ပခုက္ကူစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို (၃၀-၁၂-၂၀၁၄) ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ (၅-၁-၂၀၁၅) ရက်နေ့တွင် ပြီးစီးခဲ့ပြီး လွှင့်အား 3 KW၊ လိုင်းနံပါတ်(E-32) ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းကို စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို အရှေ့ဘက် ကမ္မမြို့၊ ဝါဖောင်ကန်၊ ကျပ်ပြည့်၊ ဂျိုးပုံကျေးရွာအထိလည်းကောင်း၊ အနောက်ဘက်တွင် တောင်သာမြို့၊ ကျောဇီ၊ ထန်းပင်ကန်ကျေးရွာအထိ လည်းကောင်း၊ တောင်ဘက်တွင် ကြက်ဆူကျင်း၊ လင်းပတောကျေးရွာအထိလည်းကောင်း၊ မြောက်ဘက်တွင် အနောက်အုံ၊ ပုလင်းကျေးရွာအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

မိုင်းပန်စက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းတို့ကို (၁၂-၁-၂၀၁၅)ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ (၁၅-၁-၂၀၁၅)ရက်နေ့တွင် ပြီးစီးခဲ့ပြီး ယင်းနေ့မှ စတင်၍ လွှင့်အား 50 W၊ လိုင်းနံပါတ် ချန်နယ် (E-28) ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါစက်ရုံမှထုတ်လွှင့်မှုကို စက်ရုံ၏ အရှေ့ဘက်တွင် အရှေ့ကျေးရွာအထိလည်းကောင်း၊ အနောက်ဘက်တွင် နမ့်တိန်းကျေးရွာအထိလည်းကောင်း၊ တောင်ဘက်တွင် ဟွေမဖိန်း၊ ဟိုဖာလုံကျေးရွာများအထိလည်းကောင်း၊ အရှေ့မြောက်ဘက်တွင် ညောင်ခုံးခမ်း၊ ကုန်းကြိုင်းကျေးရွာများအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

ဖာပွန်စက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းတို့ကို (၁၅-၁-၂၀၁၅)ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ (၁၈-၁-၂၀၁၅)ရက်နေ့တွင် ပြီးစီးခဲ့ပြီး ယင်းနေ့မှ စတင်၍ လွှင့်အား 50W၊ လိုင်းနံပါတ်ချန်နယ် (E-22) ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏ တောင်ဘက်တွင် မဲသလွတ်၊ တံခွန်တိုင်၊ ဝေပုံကျေးရွာများအထိလည်းကောင်း၊ မြောက်ဘက် ဖာပွန်မြို့ပေါ် (၄)ရပ်ကွက်၊ အနောက်ဘက်ကမ်းကျေးရွာအထိလည်းကောင်း ကောင်းမွန်စွာဖမ်းယူရရှိနိုင်ပါသည်။

ဗန်းမောက်စက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းတို့ကို (၂၉-၁-၂၀၁၅) ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ (၁-၂-၂၀၁၅)ရက်တွင် ပြီးစီးခဲ့၍ ယင်းနေ့မှစတင်ပြီး လွှင့်အား 50 W၊ လိုင်းနံပါတ်ချန်နယ် (E-27)ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါ စက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏ အရှေ့ဘက်တွင် စက်တော်၊ ယကာ၊ လွစင်ကုန်း၊ လည်နက်ကြီးကျေးရွာအထိလည်းကောင်း၊ အနောက် မြောက်ဘက်တွင် ဆင်ကန်၊ ထိန်ဆုံ၊ တုံးမွန်၊ လုံကင်းရွှေကျောင်းကျေးရွာအထိလည်းကောင်း၊ တောင်ဘက်တွင် မြနန္ဒာရပ်ကွက်၊ နောင်မဲ့လုံကျေးရွာအထိလည်းကောင်း၊ အရှေ့တောင်ဘက်တွင် ပုဇွန်တောင်ရပ်ကွက်၊ ခမိုးကျေးရွာအထိလည်းကောင်း ကောင်းမွန်စွာဖမ်းယူရရှိနိုင်ပါသည်။

သပိတ်ကျင်းစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို (၄-၂-၂၀၁၅) ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ (၇-၂-၂၀၁၅)ရက်တွင် ပြီးစီးခဲ့ပြီး လွှင့်အား 50W၊ လိုင်းနံပါတ် (E-21) ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို အရှေ့ဘက်တွင် သပိတ်ကျင်းမြို့လယ်အထိ လည်းကောင်း၊ အနောက်ဘက်တွင် လေးမိုင်ရွာအထိလည်းကောင်း၊ တောင်ဘက်တွင် ကတဲ့ကြီး၊ ငွေးပင်မှော်၊ ပေသောင်၊ ရွာသာ၊ ကိုင်းကျောင်းကျေးရွာအထိလည်းကောင်း၊ မြောက်ဘက်တွင် ရွာစိုး၊ အထက်ပုဏ္ဏား၊ အောက်ပုဏ္ဏား၊ သီဟတောကျေးရွာအထိလည်းကောင်း ကောင်းမွန်စွာဖမ်းယူရရှိနိုင်ပါသည်။

မိုးကုတ်စက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို (၈-၂-၂၀၁၅) ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ (၁၁-၂-၂၀၁၅)ရက်တွင် ပြီးစီးခဲ့ပြီး လွှင့်အား 300 W၊ လိုင်းနံပါတ် (E-22) ဖြင့် ဒစ်ဂျစ်တယ် ရုပ်သံလိုင်းများစမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါ စက်ရုံမှထုတ်လွှင့်မှုကို အရှေ့ဘက်တွင် မိုးကုတ်မြို့ပေါ် (၅)ရပ်ကွက်အထိလည်းကောင်း၊ အနောက်ဘက်တွင် သဒ္ဒတ်ရှိ၊ ကျောက်ဆောင်၊ ကျောက်နဂါး၊ ပြောင်းပြင်၊ ကျပ်ပြင်ကျေးရွာများအထိလည်းကောင်း၊ တောင်ဘက်တွင် ဗမွန်ကျေးရွာအထိလည်းကောင်း၊ မြောက်ဘက်တွင် ချောင်းကြီး၊ ပြောင်ခေါင်း၊ အင်းချောက် ကျေးရွာများအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

တကောင်းစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို (၉-၂-၂၀၁၅) ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ (၁၂-၂-၂၀၁၅)ရက်တွင် ပြီးစီးခဲ့ပြီး လွှင့်အား 50 W၊ လိုင်းနံပါတ် (E-22)ဖြင့် ဒစ်ဂျစ်တယ် ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါ စက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏ အနောက်ဘက်တွင် ညောင်လေးပင်၊ ညောင်ကုန်း၊ ပေါက်တပင်၊ ကျွန်းတပင်၊ အင်ပျန်း၊ တောင်တလုံးကျေးရွာများအထိလည်းကောင်း၊ တောင်ဘက်တွင် တကောင်းရပ်ကွက်(၁)၊ တကောင်းမြို့လယ်အထိလည်းကောင်း၊ မြောက်ဘက်တွင် မကျည်းကုန်း၊ ရေယာဉ်ကျေးရွာအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ပြည်ထဲရေးဝန်ကြီးဌာနသို့ လုံခြုံရေးသုံး မော်တော်ဆိုင်ကယ်အစီး ၃၀ လှူဒါန်း



**နေပြည်တော် မတ် ၂၆**

ပြည်ထဲရေးဝန်ကြီးဌာနသို့ လုံခြုံရေးသုံး မော်တော်ယာဉ်ဆိုင်ကယ်အစီး ၃၀ ပေးအပ်လှူဒါန်းပွဲကို မတ် ၂၆ ရက် နံနက် ၇ နာရီခွဲက ပျဉ်းမနားမြို့နယ် ဘောဂသီရိကားဝင်းအနီးရှိ AUNG KANBO TRADING Co.,Ltd. ရုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် AUNG KANBO TRADING Co., Ltd. ဥက္ကဋ္ဌ ဦးအောင်အောင်နှင့် အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်နန်းရွှေဟန်တို့က ဆိုင်ကယ်အစီး ၃၀ ပေးအပ်လှူဒါန်းရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲထောက်ချုပ် ရဲမှူးချုပ်သန်းတင်အောင်၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ဝင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၉၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်(ဇမ္ဗူသီရိ)**

# လယ်ယာသုံးထွန်စက်များ အရစ်ကျစနစ်ဖြင့်ရောင်းချ

**လွိုင်ကော် မတ် ၂၆**

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းလာစေရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သမဝါယမကဏ္ဍသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်သည်နှင့်အညီ ဗဟိုသမဝါယမဦးစီးဌာန၏ ကြီးကြပ်စီစဉ်ညွှန်ကြားမှုဖြင့် ကိုရီးယားနိုင်ငံရှိ ဒယ်ဒေါင်းကုမ္ပဏီလီမိတက်မှ ဒေါ်လာသန်း ၁၀၀ ရင်းနှီးမြှုပ်နှံကာ ကယားပြည်နယ် သမဝါယမဦးစီးဌာန၌ မတ် ၂၀ ရက် နံနက် ၁၀ နာရီမှစတင်ကာ ခေတ်မီလယ်ယာသုံးထွန်စက်များကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။



ဒယ်ဒေါင်းကုမ္ပဏီသို့ ထွန်စက်အစီးရေ ၃၀ ကို ကယားပြည်နယ်အတွက် စာရင်းတင်သွင်းခဲ့သော်လည်း ယခုအခါ မြင်းကောင်ရေ ၅၀ အားခြောက်စီးနှင့် ၄၅ ကောင်အား ရှစ်စီးသာရောက်ရှိသေးပါကြောင်း၊ ထွန်စက်တန်ဖိုး သိန်း ၂၀၀ အထက်ဖြစ်ပါက မူရင်းဈေး၏ ၁၀ ရာခိုင်နှုန်းကို လက်ငင်းပေးချေရပြီး တစ်နှစ်ပြည့်လျှင် ငါးရာခိုင်နှုန်းနှင့် အတိုးကို ထပ်မံပေးချေရကာ ခြောက်လတစ်ရစ်နှုန်းဖြင့် ၁၂ ရစ်ကို ခြောက်နှစ်အတွင်း အပြီးသတ်ပေးချေရမည်ဖြစ်ကြောင်း၊ ကျပ်သိန်း ၂၀၀ အောက်ဆိုလျှင် ခြောက်လ တစ်ရစ်နှုန်းဖြင့် ၁၀ ရစ်ကို အပြီးသတ်ပေးချေရမည်ဖြစ်ကြောင်း ပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးလှမြင့်က ပြောကြားသည်။

အဆိုပါ အရစ်ကျငွေပေးချေခြင်းစနစ်ဖြင့် ရောင်းချပေးခြင်းကြောင့် ကယားပြည်နယ်အတွင်းရှိ မြို့နယ်များမှ လာရောက်ဝယ်ယူလျက်ရှိရာ နောက်ထပ်မြင်းကောင်ရေ ၆၀ အားနှင့် ၉၀ အားရှိ ထွန်စက်များကိုလည်း မတ်လမကုန်မီ အပြီးရောင်းချပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဓာတ်အားလိုင်းများ ကြံ့ခိုင်ရေးဆောင်ရွက်

**နတ်တလင်း မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ရှမ်းကုန်းဇီးပင်ကွေ့ရှိ 11 KV လိုင်း သစ်သားတိုင် ၂၈ တိုင်အား ကွန်ကရစ်တိုင် သံလက်တန်းဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို နတ်တလင်းမြို့နယ်လျှပ်စစ်မှူး ဦးသန့်ဇင်ဦး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိရာ မတ် ၂၂ ရက်က လုပ်ငန်းအားလုံး၏ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများအားလုံးပြီးစီးပါက ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိလာမည်ဖြစ်ပြီး ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းမှု အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ်လျှပ်စစ်)**

# တားမြစ်ဆေးဝါးများမရောင်းချရန် ဗိုလ်တထောင်မြို့နယ်၌ဆွေးနွေး

**ရန်ကုန် မတ် ၂၆**

မဟာသင်္ကြန်ကာလအတွင်း မူခင်းကြိုတင်ကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုမရှိရေး၊ လိင်စိတ်ကြွစေသောဆေးဝါးများ မရောင်းချရေး ဆေးဆိုင်ပိုင်ရှင်များအားခေါ်ယူ၍ အသိပညာပေးဟောပြောပွဲကို မတ် ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဗိုလ်တထောင်မြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ဝေက မူခင်းကြိုတင်ကာကွယ်ရေးအကြောင်းကိုလည်းကောင်း၊ ဒေါက်တာဇင်မင်းလတ်က အမျိုးသားဆေးဝါးဥပဒေအကြောင်း၊ လိင်စိတ်ကြွစေသော ဆေးများ ရောင်းချခြင်းမပြုရေး ပူးပေါင်းအဖွဲ့ဖြင့်စစ်ဆေးဆောင်ရွက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ဆေးဆိုင်၊ အစားအသောက်နှင့် ရေသန့်လုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေး

**ပဲခူး မတ် ၂၆**

ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ သီရိဟံသာခန်းမ၌ မတ် ၂၄ ရက်က ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဆေးဆိုင်၊ အစားအသောက်နှင့် ရေသန့်လုပ်ငန်းဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကျင်းပရာ ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာနေမျိုးအုန်း၊ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဦး၊ တိုင်း၊ ခရိုင်၊ မြို့နယ် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များ၊ မြို့ပေါ်ရှိ ဆေးဆိုင်ပိုင်ရှင်များ၊ စားသောက်ဆိုင်ပိုင်ရှင်များနှင့် ရေသန့်လုပ်ငန်းပိုင်ရှင်များ စုစုပေါင်းအင်အား ၁၀၀ ခန့်တက်ရောက်ကြသည်။

ဆက်လက်၍ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဦးက လာမည့်သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးများ၊ ယစ်မျိုး၊ ကာမစိတ်ကြွဆေးပြားများနှင့် တရားမဝင် တားမြစ်ဆေးဝါးရောင်းချမှုများ၊ သုံးစွဲမှုများကို တာဝန်ရှိသူအသီးသီးတို့နှင့်ပူးပေါင်း၍ စစ်ဆေးဆောင်ရွက်မှုများပြုလုပ်၍ ဥပဒေအရ အရေးယူဆောင်သွားမည် ဖြစ်ကြောင်းသိရသည်။

**(ဝ၇၅)**



# ဒေဒေါင်းကုမ္ပဏီမှ ထွန်စက်နှင့် စက်ကိရိယာများအရစ်ကျစနစ်ဖြင့်ရောင်းချ

**ငဖဲ မတ် ၂၆**

မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ငဖဲမြို့နယ် သာယာကုန်းကျေးရွာတွင် မတ် ၂၄ ရက် နံနက်က အောင်ဇမ္ဗူလယ်ယာနှင့် အထွေထွေ စီးပွားရေးသမဝါယမအသင်းမှ အသင်းသားပြည်သူများ စိုက်ပျိုးရေးကဏ္ဍတွင် ထုတ်လုပ်မှုမြင့်တင်နိုင်ရေးအတွက် ကိုရီးယားနိုင်ငံ( DAEDONG )ဒေဒေါင်းကုမ္ပဏီမှ လယ်ယာသုံး စက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်းသိရသည်။

ထိုသို့ရောင်းချပေးရာတွင် ( DAEDONG) ဒေဒေါင်းကုမ္ပဏီ တာဝန်ရှိသူများက ဒေသခံတောင်သူများအား တွေ့ဆုံပြီး စက်ပစ္စည်းဝယ်ယူမှုနှင့်ပတ်သက်၍ စတင်ဝယ်ယူသည့်နေ့တွင် စက်ပစ္စည်းတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းပေးသွင်းရမည်ဖြစ်ပြီး တစ်နှစ်ပြည့်သည့်နေ့တွင် တန်ဖိုး၏ငါးရာခိုင်နှုန်းနှင့် စက်ပစ္စည်းတန်ဖိုး၏ ၉၀ ရာခိုင်နှုန်းအပေါ် တစ်နှစ်အတွက် အတိုးပေးသွင်းရမည်ဖြစ်သည်။

ငဖဲမြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုအနေဖြင့် ၎င်းတို့မြို့နယ်အတွင်းရှိ အသင်းသားတောင်သူများ ကျယ်ပြန့်စွာသိရှိနားလည် အသုံးပြုနိုင်စေရန် သရုပ်ပြပွဲများ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**သန်းနိုင်ဦး(ငဖဲ)**

# မိုးစွေကျေးရွာ၌ ဆိုလာလျှပ်စစ်စနစ်ဖြင့် ရွာလုံးကျွတ် မီးလင်း

**နေပြည်တော် မတ် ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် မိုးစွေကျေးရွာအုပ်စု၊ မိုးစွေကျေးရွာ၌ မတ် ၂၄ ရက် ညနေ ၆ နာရီက ဆိုလာလျှပ်စစ်စနစ်ဖြင့် ရွာလုံးကျွတ်မီးလင်းရေးအခမ်းအနား ကျင်းပခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်စိုးက ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ရီထံသို့ ဆိုလာလျှပ်စစ်မီးလင်းရေးနှင့် ဆက်စပ်ပစ္စည်းများအား လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ နေပြည်တော်တိုင်း ဒုတိယအင်ဂျင်နီယာချုပ် ဦးသန်းထွန်းအောင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်တို့က ဆိုလာလျှပ်စစ်မီးများကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

နေပြည်တော်ကောင်စီ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ရန်ပုံငွေဖြင့် မိုးစွေကျေးရွာအုပ်စုမီးရရှိရေးအတွက် ငွေကျပ်သန်းပေါင်း ၈၂ ဒသမ ၂၀ အကုန်ကျခံ၍ မိုးစွေကျေးရွာတွင် ၃၁၅ အိမ်၊ ပန်းတင်ကျေးရွာတွင် ၈၂ အိမ်နှင့် ငွေချိုကျေးရွာတွင် ၁၃၂ အိမ် စုစုပေါင်း အိမ်ခြေ ၅၂၉ အိမ်ကို ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများအား Innovative Consulting & Tecnological Services ( ICTS) ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**ရွှေရဲရင့်**

# ဝါးခယ်မမြို့နယ် ချေးငွေလုပ်ငန်း စာရင်းရေးသွင်းမှုသင်တန်းဖွင့်

**ဝါးခယ်မ မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ချေးငွေလုပ်ငန်း စာရင်းရေးသွင်းမှုသင်တန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ ရက် နံနက် ၈ နာရီက ဝါးခယ်မမြို့နယ် သမဝါယမဦးစီးမှူးရုံးတွင် ကျင်းပခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်း၊ မြို့နယ် သမဝါယမဦးစီးအရာရှိ ဒေါ်သန်းသန်းဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပပ၊ မြို့နယ်သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးတင်ဝင်း၊ မြို့နယ်ဖွံ့ဖြိုးရေးနှင့် အထောက်အကူပြုကော်မတီဝင် ဦးဖေသန်းနှင့် ကျေးရွာပေါင်း ၄၀ မှ အသင်းသား၊ အသင်းသူ ၈၀ တက်ရောက်ပြီး သင်တန်းကို ငါးရက်ကြာ သင်ကြားပို့ချပေးခဲ့သည်။

**ကျော်စိန်(ဝါးခယ်မ)**

# အမျိုးသားလူ့အခွင့်အရေး ကော်မရှင် လူ့အခွင့်အရေးအကြောင်း ဆွေးနွေး

**သရက် မတ် ၂၆**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ဆွေးနွေးခြင်းကို မတ် ၂၄ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က လူ့အခွင့်ရေးဆိုင်ရာ အနှစ်သာရနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအား ဆွေးနွေးပြီး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်က ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ ပြဋ္ဌာန်းချက်များအား ဆွေးနွေးခဲ့သည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဒေါ်မြမြက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။

**ဇော်ထက်(သရက်)**


## သက်ဆိုင်သူများနှင့် အများသိစေရန်သတိပေးတားမြစ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေး(မြောက်)ရပ်ကွက်၊ အထက်မန္တလေးလမ်းသွယ်(၃)လမ်း၊ အမှတ်(၇)နေ ဒေါ်ဖြူဖြူခိုင်(ဘ)ဦးမောင်ညွန့်[၁၂/ဥကတ(နိုင်)၀၂၁၅၅၅]၏ ညွှန်ကြားချက်အရ သက်ဆိုင်သူများနှင့် အများသိစေရန် သတိပေးတားမြစ်လိုက်ပါသည်။

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ လူနေရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၈၇၄/က)၊ ဧရိယာ ပေ(၂၀×၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၈၇၄/က)၊ ဒေဝဒဟလမ်း၊ (၁၃)ရပ်ကွက်ဟုခေါ်တွင်သော မြေကွက်နှင့် အဆောက်အအုံတို့မှာ ကွယ်လွန်သူ မြန်မာ၊ ဗုဒ္ဓဘာသာများဖြစ်ကြသော ဦးမောင်ညွန့်နှင့် ဒေါ်စိန်ခင်တို့ ကျန်ရစ်သည့်အမွေပုံစံပစ္စည်းဖြစ်ပြီး ဦးမောင်ညွန့်နှင့်ဒေါ်စိန်ခင်တို့ ၏သားရင်း၊ သမီးရင်းများဖြစ်ကြသော ဒေါ်ချိုချိုလွင်၊ဒေါ်ညိုညိုခင်(ကွယ်လွန်)၊ ဒေါ်နီနီဝင်း၊ ဒေါ်ဝါဝါဝင်း၊ ဒေါ်ဖြူဖြူခိုင်၊ ဒေါ်အေးအေးမိုးနှင့် ဦးထွေးညွန့်တို့၏ အမွေဆိုင်ပစ္စည်းဖြစ်ပါသည်။

ဖော်ပြပါမရွှေ့မပြောင်းနိုင်သော အမွေဆိုင်ပစ္စည်းများအား ဒေါ်ဖြူဖြူခိုင်၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ရန် သတိပေးတားမြစ်လိုက်ပါသည်။ အဆိုပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်း၍ ဒေါ်ဖြူဖြူခိုင်က ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်ရန် စီစဉ်ပြီးဖြစ်ကြောင်းလည်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာလိုက်ပါသည်။

ဒေါ်ဖြူဖြူခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်တင်တင်မာ | ဦးကျော်ရင် |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| စဉ်-၉၃၀၈ | စဉ်-၁၉၀၂ |
| ဖုန်း-၀၉-၄၂၈၁၆၅၈၃၇ | ဖုန်း-၀၉-၈၆၁၁၂၉၀၊ ၀၉-၇၃၁၀၀၅၈၅ |

တိုက်(၁၀/၁၂)၊ အခန်း(၁၀၃)အေ/ဘီ၊ ၃၅-လမ်း(အောက်)၊ (ပ)ထပ်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းအမှတ်(၂၆)၊ ရွှေလင်ပန်းရပ်ကွက်၊ပန်းခြံ(၃)လမ်း၊ မြေကွက်အမှတ် (၁၃၅၈)၊ မြေအကျယ်(၂၀×၆၀)ပေအား ပိုင်ဆိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးလုံးမောင်[၁၁/ကတန(နိုင်)၀၃၆၉၇၀]နှင့် ဒေါ်ပြုံးတင်[၉/သစန(နိုင်)၀၁၆၈၁၀]တို့မှ ရောင်းချလိုကြောင်း ပြောဆိုလာသည့်အတွက် ကျွန်ုပ်မိတ်ဆွေဦးဌေးစိန်[၁၄/ပသန(အိုး)၀၀၁၁၆၆]မှ ဝယ်ယူရန်၁၆-၃-၂၀၁၅ရက်တွင် နှစ်ဦးသဘောတူ အရောင်းအဝယ် စရန်ပေးကတိစာချုပ်ချုပ်ဆိုခဲ့ပါသည်။နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်အား ကန့်ကွက်လိုသူရှိပါက ကြေညာသည့်နေ့ရက်တစ်ပတ်အတွင်း ကန့်ကွက်နိုင်ပြီး ကန့်ကွက်ခြင်းမရှိပါက နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်အား ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
| ဦးဌေးစိန် | ဦးလှဝင်း (LL.B) |
| [၁၄/ပသန(အိုး)၀၀၁၁၆၆] | ရဲအုပ်(ငြိမ်း)၊ |
| | စဉ်-၈၁၄၂ |
| | တရားလွှတ်တော်ရှေ့နေ |

အမှတ်(၂၄၇)၊ ဘုမ္မာ(၇)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။

## ဦးအောင်စိုးကျော်[၉/ပမန(နိုင်)၀၄၅၆၆၃]နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီးနေ မမေပုလဲ(ဘ-ဦးသိန်းအောင်)[၁၂/ဒဂန(နိုင်)၀၂၇၅၈၁]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁-၁-၂၀၁၀ရက်တွင် မမေပုလဲနှင့် ဦးအောင်စိုးကျော်(ဘ-ဦးဘိုကျော်)တို့သည် အစ္စလာမ်တရားတော်နှင့်အညီ အကြင်လင်မယားအဖြစ်ပေါင်းသင်းခဲ့ပါသည်။ ၂၀၁၄ခုနှစ်၊ ဇွန်လမှစ၍ ဦးအောင်စိုးကျော်သည် မမေပုလဲနှင့် နေထိုင်ခြင်းမပြုတော့သည့်အပြင် မည်သည့်နေရာ၌ ရောက်ရှိနေထိုင်ခဲ့ခြင်းကိုလည်း မသိရှိခဲ့ရပါ။ ယင်းအချိန်မှစ၍ မမေပုလဲနှင့်လည်း လုံးဝပတ်သက်မှုမရှိခဲ့ပါ။ ဇနီးဖြစ်သူ မမေပုလဲ၏ ဂုဏ်သိက္ခာကို လျစ်လျူရှုခဲ့ပြီး ရက်စက်သည့် အပြုအမူဖြင့် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင်ပြုခြင်း၊ ဦးအောင်စိုးကျော်၏သဘောအတိုင်း လူမှုရေး၊ စီးပွားရေးကိစ္စများကို ဆောင်ရွက်ခဲ့ပြီး ပေါ်ပေါက်ခဲ့သည့် ကိစ္စရပ်များကို တာဝန်ယူဖြေရှင်းပေးရန် ပျက်ကွက်ခဲ့ခြင်းတို့ကြောင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းပြုလုပ်ခဲ့သည့် ကိစ္စအဝဝသည် မမေပုလဲနှင့် လုံးဝသက်ဆိုင်ခြင်း မရှိကြောင်းနှင့် ယနေ့မှစ၍ မမေပုလဲကို နှုတ်ဖြင့်သော်လည်းကောင်း၊ ကိုယ်ထိလက်ရောက်သော်လည်းကောင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ညွှန်ကြားချက်အရ-

ဦးထင်အောင်(စဉ်-၁၀၇၈)၊ ဒေါ်သန်းသန်းစိန်(စဉ်-၇၈၀၀)၊ ဒေါ်ထူးထူးရင်(စဉ်-၈၀၂၄)

တရားလွှတ်တော်ရှေ့နေများ

ရုံး-အမှတ်(၈၃)၊ အခန်း-၁၁(ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၇၇၂၇၆၊ ၀၉-၅၄၀၆၄၀၆၊ ၀၉-၇၉၅၉၂၆၇၃၅

## CCTV

အရောင်းနှင့် တပ်ဆင်ခြင်း

ABC computer
Tel: 09 4500 12695
Tel: 09 260 424045

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးတင်ဝင်း-ဒေါ်အေးမိခိုင်တို့၏သားဖြစ်သူ မောင်အဏ္ဏဝါဝင်းကို(ခေတ္တ စင်ကာပူ)[၁၂/ဥကမ(နိုင်)၁၉၄၈၅၈]သည် မိဘများအားစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၎င်းအား သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးတင်ဝင်း-ဒေါ်အေးမိခိုင်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၇၊ မြေကွက်အမှတ်-၆၇၈၊ မြေကွက်တည်နေရာအမှတ်(၆၇၈)၊ (၇၇)ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်း၊ ဦးတင်အုန်းအမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးတင်အုန်း [၁၂/ဗဟန(နိုင်)၀၃၆၈၁၃]က ကိုယ်တိုင်မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူ မရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀-တိုးချဲ့၊ မြေကွက်အမှတ်-၁၇၆၊ မြေကွက်တည်နေရာအမှတ်-၁၇၆၊ နီလာ(၁)လမ်း၊ (၁၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (ဒေါ်ချိန်ကျုံးရှင်)[၁/မကတ(နိုင်)၀၀၆၉၃၅] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ချိန်ကျုံးရှင် (တရားရှုံး)ကိုယ်စား၊ ဘီလစ်ဒေါ်ရီရီလှ[၁၂/ဥကမ(နိုင်)၀၅၅၂၉၈]မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ်-၅၅/၂၀၁၄ စီရင်ချက်၊ တရားမဇာရီမှုအမှတ်- ၄၁/၂၀၁၄၏ နေ့စဉ်မှတ်တမ်းနှင့် ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာကိုတင်ပြ၍ အရောင်းအဝယ် စာချုပ်ရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇စီ၊ မြေကွက်အမှတ်-၇၇၊ မြေကွက်တည်နေရာအမှတ်-၂၊ ဆပ်သွားဖူးလမ်း၊ ၆-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဦးအေးမောင်[၁၂/ပဇတ(နိုင်)၀၀၇၈၇၂]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးအေးမောင်ကွယ်လွန်သဖြင့် ဒေါ်ကျင်မွှေးက တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဈ)၊ မြေကွက်အမှတ်(၁၇)၊ မြေကွက်တည်နေရာအမှတ်(၁၇)၊ ဝေဘာဂီလမ်းမ၊ (အလီဇင်းဒါး(ခ)ဦးတင်ဌေး)[၁၂/ပဘတ(နိုင်)၀၂၅၀၈၁] အမည် ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် အလီဇင်းဒါး(ခ)ဦးတင်ဌေးကိုယ်စား မြောက်ဥက္ကလာပမြို့နယ်တရားရုံးမှ ဘီလစ်ဒေါ်သူဇာ[၆/ထဝန(နိုင်)၀၂၆၃၄၃]က ဘီလစ်ခန့်အပ်စာ၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်(၁၄၁/၂၀၁၄)စီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ်(၈၃/၂၀၁၄) နေ့စဉ်မှတ်တမ်းနှင့် ထုံးပုံကျအမိန့်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင် ရွက်မည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၂၂၉)၊ မြေကွက်တည်နေရာအမှတ်(၂၂၉)၊ မြေတိုင်းလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးတင်လှ(ISN-၀၈၀၉၁၁)၊ အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်လှ ကွယ်လွန်သဖြင့် ဒေါ်ကျင်မြိုင်[၁၂/လမန(နိုင်)၀၂၄၉၃၀]က တရားဝင်တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၅၅၂)၊ မြေကွက်တည်နေရာအမှတ်(၅၅၂)၊ သုမိတ္တာ(၁၅)လမ်း၊ ဦးဖိုးဆယ် (အေဘီ-၀၁၂၂၀၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဖခင် ဦးဖိုးဆယ်၊ မိခင် ဒေါ်အေးကြည်ကွယ်လွန်သဖြင့် ဦးအောင်ဆန်း[၁၂/ဥကမ(နိုင်)၀၂၅၇၂၃]၊ ဒေါ်ထွေးသိန်း [၁၂/ဥကမ(နိုင်)၀၂၅၇၄၂]က သားသမီးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းရေးရာ

# မင်းဘူး ရွာသာယာရွာ၌ အိုးလုပ်ငန်းကြောင့် ဒေသခံများ စီးပွားဖြစ်

**မင်းဘူး မတ် ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကမ်းနီထောက်ရာပင် ရေနံနယ်မြေ အတွင်းရှိ ရွာသာယာရွာတွင် မြေစေးမှပြု လုပ်သော အိုးလုပ်ငန်း ဆက်လက်ရှိနေ၍ ဒေသခံတောင်သူများ စားဝတ်နေရေးအတွက် အဆင်ပြေကြောင်း အဆိုပါ အိုးလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

ယခုနှစ်တွင် အဆိုပါ ကျေးရွာများ၌ မိုးခေါင်၍ စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းမှုမရှိသော်လည်း ယင်းအိုးလုပ်ငန်းကြောင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိကြောင်းသိရသည်။ ရွာသာယာရွာမှ အိုးကုန်သည် ဒေါ်တင်ဌေးရီက "ကျွန်မတို့တစ်ရွာလုံးအိုးလုပ်ငန်းကို မိဘ၊ ဘိုဘွားလက်ထက်ကတည်းက လုပ်ကိုင်လာကြတာပါ။ အိမ်တိုင်းနီးပါး အိုးစိမ်းရိုက်ကြပါတယ်။ အိုးဖိုပိုင်ရှင်တွေက အိမ်ထိလာရောက်ဝယ်ပြီး အိုးဖုတ်ကြတယ်။ အိုးအမျိုးမျိုးလုပ်ကြတယ်။ သောက်ရေအိုး အမျိုးမျိုး၊ ရွက်အိုး ၊ကျောင်းသားထမ်းအိုး၊ အတာအိုး၊ ညောင်ရေအိုး ၊ ပန်းအိုး၊ စဘူး၊ ပန်းစိုက်အိုး၊ ကလေးကစားစရာ အိုးပုတ်အမျိုးမျိုးကို ဒီရွာတွေကပဲ လုပ်ပါတယ်။ မြို့နယ်အသီးသီးကို ပို့ရပါတယ်။ ဒီရွာကထွက်တဲ့ အိုးက နာမည်ကြီးပါတယ်။ အိုးဆိုရင် ရွာသာယာအိုးမှ ကြိုက်ကြပါတယ်" ဟုပြောသည်။

အိုးအစိမ်းပြုလုပ်သူ တစ်ဦးက "အိမ်တိုင်းအိုးအစိမ်းရိုက် အချောပြုလုပ်ကြတယ် အိုးခပ်တဲ့ရွံ့ကို ရွာပိုင်မြေကရပါတယ်။ ကိုယ်တိုင် တူးရင်အလကားမတူးနိုင်လို့ ဝယ်ရင် နွားလှည်းတစ်စီးတိုက်ကို ကျပ် ၁၅၀၀ ပေးရပါတယ်။ သောက်ရေအိုးအကြီး အစိမ်းတလုံးကို ကျပ် ၁၅၀ ရပါတယ် ။ တစ်နေ့ကို ၂၅ လုံးလောက် ပြီးပါတယ်။ ရွာထဲက ရိုက်ပြီးသားအိုး အစိမ်းတွေကို အိုးဖိုတွေအရောက် တောင်းထဲထည့်ပြီး အမျိုးသမီးလေးတွေကပို့ကြတယ်။ သူတို့မှာ အိုးအစိမ်း ၁၀၀ ရွက်ပို့ခ ကျပ် ၉၀၀ ရပါတယ် ။ တစ်နေကုန် ခေါင်းအပူခံရွက်တာ နေအဝင် ကျပ် ၃၀၀၀ လောက်ရပါတယ်။ ဘာပဲပြောပြော အခုလို မိုးခေါင်တဲ့နှစ်တွေမှာ ဒီအလုပ်ကလေး ရှိနေတော့ တောင်သူတွေ စားဝတ်နေရေး အဆင်ပြေပါတယ်" ဟုပြောသည်။



**သမီး(မင်းဘူး)**

# ယာဉ်ကြောရှုပ်ထွေးမှု လျော့နည်းစေရန် ရှောင်တခင်စစ်ဆေးမှုများပြုလုပ်သင့်

**ရန်ကုန် မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထက်ပုဇွန်တောင် လမ်းမကြီး မြန်မာ့ဂုဏ်ရောင်အိမ်ရာအနီး တံတားထိပ်မှ သုဝဏ္ဏမီးပွိုင့်သို့ သွားရာလမ်းတွင် ယာဉ်များရှုပ်ထွေးခြင်းနှင့် ယာဉ်မတော်တဆမှုများ လျော့နည်းစေရန်အတွက် လမ်းလယ်ဘလောက်တုံးများချပေးခြင်း၊ ယာဉ်စည်းကမ်းထိန်းအဖွဲ့များ ရှောင်တခင် စစ်ဆေးခြင်းများ ပြုလုပ်သင့်ပါကြောင်းယင်းမြို့နယ်တွင် နေထိုင်သူများက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်နှင့် သဃ်န်းကျွန်းမြို့နယ်တို့ကို ဆက်သွယ်ပေးရာ အထက်ပုဇွန်တောင် လမ်းမကြီးသည် တနေ့တစ်ခြား မော်တော်ယာဉ်အသုံးပြုသူ များပြားလာကြောင်း တွေ့ရသည်။

အထူးသဖြင့် ညနေရုံးဆင်းချိန်များတွင် ယာဉ်သွားလာမှု ပိုမိုထူထပ်ကာ ယာဉ်စည်းကမ်းဖောက်ဖျက်မှုများ ပိုမိုများပြားလျက်ရှိပြီး အထက်ပုဇွန်တောင်လမ်းမကြီး မြန်မာ့ဂုဏ်ရောင်အိမ်ရာအနီးမှ သုဝဏ္ဏမီးပွိုင့်ဘက်အသွားတွင် ယာဉ်ကြောပြောင်းပြန် မောင်းနှင်ကာ မီးပွိုင့်သို့ ဝင်ရောက်သောကားများ တစ်နေ့တစ်ခြား များပြားလာသောကြောင့် မတော်တဆမှုများပိုမိုများပြားလာကာ ယာဉ်ကြောကျပ်မှုများ ပိုမိုဖြစ်ပေါ်လျက်ရှိကြောင်းသိရသည်။ **သုဝဏ္ဏ**

# ရမည်းသင်း မြို့နယ်စည်ပင်မှ သားသတ်လိုင်စင် ရောင်းချ

**ရမည်းသင်း မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ စည်ပင်သာယာရေးကော်မတီမှ ၂၀၁၅-၂၀၁၆ ခုနှစ် တစ်နှစ်တာကာလ အမဲ၊ ဝက်၊ ဆိတ်၊ အသားတစ်မျိုးမျိုးအတွက် ဈေးအလိုက် သားသတ်နယ်မြေအလိုက် အခွင့်အရေးလိုင်စင် ရောင်းချခြင်းအား မန္တလေးတိုင်းဒေသကြီး အစိုးရဝန်ကြီးဌာနမှ ညွှန်ကြားချက်နှင့်အညီ မတ် ၂၅ ရက် နံနက် ၁၀ နာရီတွင် ရမည်းသင်းမြို့ စည်ပင်သာယာရေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့၊ မြို့မိမြို့ဖများ၊ သက်ဆိုင်ရာဌာနအကြီးအကဲများ စုံညီစွာ တက်ရောက်ကြသည်။

အခွင့်အရေးလိုင်စင် ဝယ်သူများမှ သတ်မှတ်ဈေး သတ်မှတ်နယ်မြေအလိုက် အမဲ ၁၄၇၀ သိန်း၊ ဆိတ် ၁၃၀ သိန်း၊ ဝက် ၂၁၉ သိန်း စုစုပေါင်း ၁၈၉၁ သိန်း မြို့နယ်စည်ပင်သာယာရေး ၂၀၁၅-၂၀၁၆ ဘတ်ဂျက်သတ်မှတ်ငွေ ပြည့်မီအောင်မြင်စွာ ရောင်းချနိုင်ခဲ့သည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးလှသိန်းထွန်းက အခွင့်အရေးလိုင်စင်ရရှိသူများအား ပြည်သူလူထု စားသုံးသူ သက်သာချောင်ချိရေးအတွက် အသားဈေးများ သတ်မှတ်ဈေးရောင်းချရန် အလေးချိန်ခွင်ပြည့်မီစွာ ရောင်းချရန်၊ သတ်မှတ်စည်းကမ်း ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်ပြောကြားခဲ့သည်။

**တင်ဦး(ရမည်းသင်း)**

# မိုဘိုင်းဆက်သွယ်ရေး (GSM) စခန်း ကသာခရိုင် ဗန်းမောက်မြို့နယ်၌ဖွင့်

**ဗန်းမောက် မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမိုဘိုင်း(GSM) စခန်းကို မတ် ၂၂ ရက် ည ၈ နာရီတွင် ဖွင့်လှစ်ခဲ့ပြီး အများပြည်သူများ (GSM) တယ်လီဖုန်းများ စတင်သုံးစွဲနိုင်ပြီဖြစ်ကြောင်း မြို့နယ်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဌာနမှ သိရသည်။

GSM တယ်လီဖုန်းများနှင့်ပတ်သက်ပြီး ဒေသခံပြည်သူတစ်ဦးက ကျွန်တော်တို့မြို့နယ်မှာ GSM မိုဘိုင်းဆက်သွယ်ရေးဖုန်းလိုင်း ဖွင့်လှစ်လိုက်ပြီဆိုတော့ မြန်မာ့နိုင်ငံအနှံ့အပြားသို့ အလွယ်တကူ အမြန်ဆုံးဆက်သွယ် နိုင်ပြီဖြစ်၍ ဝမ်းသာပါတယ်ဆိုတဲ့ ပီတိစကားကိုလည်း ကြားသိရသည်။ **ကျော်ထူး(ဗန်းမောက်)**





**မြန်မာ့ကောင်းကင်ကြယ်**
**ဘာလောင်းတော်ကာသပ(သီးသန့်)**
ဝန်ထမ်းများအတွက် အထူးအစီအစဉ် Apr13
ချောင်းသာ/ငွေဆောင် Package စီစဉ်ပေးသည်
09-73234009,09-73104317,09-253251638

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးနေဝင်း[၉/တတဉ(နိုင်)၀၁၂၅၉၁]ကိုင်ဆောင်သော ရေယာဉ်အမည် ထက်လျှံ-၁၁၁၇၆ရေယာဉ်၏ လုပ်ငန်းလိုင်စင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ဖုန်း-၀၉-၂၀၂၃၉၃၉

**RUBY** ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်၊ လစဉ်ပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**လပြည့်** 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည် ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

**အကြောင်းကြားစာ**
ဦးသက်လွင်(ဒါရိုက်တာ)၊ [၁၄/ကကန(နိုင်)၁၀၅၇၇၉]၊ မိုးထိ/မိုးမိ အသေးစားရွှေလုပ်ငန်းရှင်များ စုပေါင်းကုမ္ပဏီလီမိတက် ၏ ၃၁-၅-၂၀၁၅ရက်တွင် ကျင်းပမည့် နှစ်ပတ်လည်အထွေထွေအစည်းအဝေးမတိုင်မီ ကုမ္ပဏီ၏ အရေးကြီးကိစ္စရပ်များအား တွေ့ဆုံ ညှိနှိုင်းဆောင်ရွက်ရန်ရှိသဖြင့် အမြန်ဆုံးလာ ရောက် ဆက်သွယ်ပါရန် အသိပေးအကြောင်း ကြားပါသည်။
အထွေထွေမန်နေဂျာ-မိုးထိ/မိုးမိ အသေးစားရွှေလုပ်ငန်းရှင်များစုပေါင်းကုမ္ပဏီ လီမိတက်၊ ရမည်းသင်းမြို့

**ကား** မျိုးစုံ
(Alphard/Crown/MarkII/အခန့်တော်ဘုံ/Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။
Ph: 09795549249, 095418126

**အလိုရှိသည်(အမြန်)**
၁။ စာရင်းကိုင် - (ဘွဲ့ရ) မ(၁)ဦး
၂။ ရုံးဝန်ထမ်း - (ဘွဲ့ရ) မ(၁)ဦး
၃။ ကုန်ရ/ကုန်ပို့ - (စီမံတာဝန်ခံ)ကျား(၁)ဦး
၄-၄-၂၀၁၅ရက် နောက်ဆုံး
ဆက်သွယ်ရန်
("ဟိန်း"ပိန့်အိတ်ရောင်းဝယ်ရေး)
င/၇၀၊ ငုဝါလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊
မရမ်းကုန်းမြို့နယ်။
ဖုန်း-၀၉-၄၂၀၀၀၂၅၉၃

**ဂျပန်နိုင်ငံသို့ ၂၀၁၅ခုနှစ် အောက်တိုဘာတန်းခွဲသို့**
**ပညာတော်သင်သွားရောက်လိုသူများအတွက် အထူးဝန်ဆောင်မှု**

၂၀၁၅ခုနှစ် ပညာသင်နှစ်၏ အောက်တိုဘာတန်းခွဲသို့ ပညာသင်ရင်း အချိန်ပိုင်းအလုပ် လုပ်ကိုင်လိုသူများအတွက် လျှောက်လွှာများ စတင်လက်ခံနေပြီဖြစ်ရာ အထူးဝန်ဆောင်မှုများ အနေဖြင့် ပညာသင်ဝန်ဆောင်မှု၊ လေယာဉ်လက်မှတ် လက်ဆောင်ပေးခြင်း အစရှိသည့် အခြားဝန်ဆောင်မှုများကိုလည်း အထူးစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

အသေးစိတ်မေးမြန်းလိုပါက အောက်ပါဆက်သွယ်ရန်လိပ်စာသို့ လာရောက်မေးမြန်းစုံစမ်းနိုင်ပါသည်။
Building No. A-3-2, Room (102), Myanma Gonyi Housing, Upper Pansodan Road, Mingalar Taung Nyunt Towship, Yangon, Myanmar. Tel : (95-1) 393370, 09-421147070. Email : tokyo.fukushi.myanmar@gmail.com
လူဦးရေအကန့်အသတ်ရှိပါသည်။

ကြော်ငြာ

NEW MOTION Travels & Tours

ဧည့်သွားအစ်ပွင့် ဆင်ကြိုခန်းရေးဆွဲ

- မြောက်ဦး - April; 13
- ပုဂံ - April; 12,13,17
- မိုးကုတ် - April; 13
- ပုဂံ-ရွှေစက်တော် - April; 13
- ပုဂံ-တောင်ကြီး - April; 11,12
- မန္တလေး - April; 14,17
- ထားဝယ်-ကန်ရှနာပူရီ - April; 13
- ငွေဆောင် - April; 13,15
- ငပလီ - April; 13,15
- မန္တလေး-တောင်ကြီး - April; 12
- အလောင်းတော်ကဿပ - April; 17
- တောင်ကြီး - April; 11,12,13,17

အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 527 922, 538 811, 09-731 48922, 09-4925 2911, 4925 2922.

POPULAR STAR Travel & Services

Find us on Facebook

တောင်ကြီး - အင်းလေး - ပင်းတယ
ကလော - ထမ်ဆမ်း - ရွှေတော်ကဏ္ဍ
Mar 26 - 130000 ကျပ်
Apr 11,12,13,17 - 190000 ကျပ်

မန္တလေး - မင်းကွန်း
ပြင်ဦးလွင် - ဇစ်ကိုင်း
Mar 26 - 130000 ကျပ်
Apr 12,17 - 150000 ကျပ်

Scania (2+2) Bus, 3 Stars Hotel, Restaurants

Ph : 01 2301866 , 09 5129134, 09 254007909, 09 799676523

## သံတွဲမြို့ အထက(၁) ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနား နိူးဆော်ဖိတ်ကြားလွှာ

ဆရာဟူသည်က အနန္တော အနန္တငါးပါး စာရင်းဝင်သူဖြစ်သည်။ ဘုရားနှင့်တစ်ဂိုဏ်းတည်းထားခံရသူဖြစ်သောကြောင့် အတိုင်းမသိ ကြီးမြတ်သူဟုလည်း ဆိုနိုင်ပါသည်။ ထိုသို့သော မြတ်ဆရာတို့ကို အသီးသီး ချီးပ ဂုဏ်ပြုကြလေ့ရှိသည်။ ပန်းများကိုပွင့်စေ၊ မွှေးမြစေသူဥယျာဉ်မှူး၊ တပည့်တို့၏ ဘဝအလင်းတံခါးကို ဖွင့်ပေးသူ၊ မိမိကိုယ်ကိုယ် အလောင်ကျွမ်းခံပြီး တပည့်များကို အလင်းမျှဝေသူ ဆီမီးတိုင်ပမာ မြတ်ဆရာ၊ တပည့်မရှား တစ်ပြားမရှိ ပီတိကိုစား အားဖြစ်ပါ၏ စသည်စသည်ဖြင့် ဖွဲ့မကုန်သောစာပန်းချီ၊ တင်စားမကုန်သော ဦးညွတ်တေးသံတို့ဖြင့် လှပဝေဆာလျက်ရှိနေပါသည်။

မိမိတို့ သံတွဲမြို့ အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်း/ သစ်များသည်လည်း ဆရာ၊ ဆရာမတို့၏ ကျေးဇူးတရားကို ပြန်လည်အောက်မေ့သိတတ်သောအားဖြင့် မြတ်ဆရာပူဇော်ပွဲကို နှစ်စဉ်ကျင်းပနိုင်ရန် စီစဉ်အားထုတ်လျက် ရှိကြပါသည်။

ထိုသို့ ပူဇော်ပွဲပြုလုပ်ခြင်းအားဖြင့် ဝေးကွာနေကြသော ဆရာ၊ တပည့်များ၊ သူငယ်ချင်းများ၊ မျိုးဆက်ဟောင်း၊ မျိုးဆက်သစ်များ ပြန်လည်ထိတွေ့မိကြပြီး ချစ်ခင်နွေးထွေးမှုများ ပိုမိုရရှိလာကြမည်ဟု ယုံကြည်ပါသည်။ ပင်စင်ယူကြပြီးဖြစ်သည့် ဆရာ၊ ဆရာမများအနေဖြင့်လည်း မဆုံဖြစ်ကြသည့် လုပ်ဖော်ကိုင်ဖက်များ၊ တပည့်များနှင့် ပြန်လည်ဆုံစည်းကာ စကားလက်ဆုံ ပြောမကုန်နိုင် ဖြစ်ကြရသောကြောင့် စိတ်ရောခန္ဓာပါ "အား"များ ဝေစည်လာကြမည်ဟု မျှော်လင့်ပါသည်။

ထို့ပြင် ယခုလို နှစ်စဉ်ကျင်းပရသည့် နောက်ထပ်ရည်ရွယ်ရင်းတစ်ခုမှာ "ပူဇော်ထိုက်သူကို ပူဇော်ခြင်း"ဟူသည့် မြန်မာ့ယဉ်ကျေးမှုဓလေ့တစ်ရပ်ကို မပျက်မကွက် ထိန်းသိမ်းပြီး ယင်းကောင်းမြတ်သည့် အစဉ်အလာကို နောင်လာမည့် မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းလိုခြင်းဖြစ်ပါကြောင်း လေးမြတ်စွာ အသိပေးအပ်ပါသည်။

**ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ**

သံတွဲမြို့၊ အထက(၁)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ခြင်းအခမ်းအနားနှင့် မိတ်ဆုံညစာစားပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသားဟောင်းများအားလုံးမှ ပါဝင်တက်ရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျင်းပမည့်နေ့ရက်-၁၉-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန်-နံနက် ၈း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီထိ

ကျင်းပမည့်နေရာ-သံတွဲမြို့၊ အထက(၁)ကျောင်းခန်းမ

**အလှူငွေထည့်ဝင်လှူဒါန်းရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်ပါရန်**

**သံတွဲ-** ကိုကျော်ကျော်လွင် ၀၉-၄၉၆၅၃၂၀၀, ကိုငွေအောင် ၀၉-၄၂၀၇၅၄၆၀၁, ကိုအောင်ကြီး ၀၉-၄၂၀၇၆၂၆၉၂

**စင်ကာပူ-** ကိုကျော်သက်ဦး-+၆၅ ၉၁၄၆၇၃၅၅, မယဉ်မင်းမင်း +၆၅ ၈၁၆၃၆၄၃၆

**ရန်ကုန်-** ကိုကျော်သူရ ၀၉-၅၁၆၆၅၃၃, ကိုမောင်မောင်ဇော်မင်း ၀၉-၅၁၈၇၂၉၈

**ရန်ကုန်-**ဦးတင်ချို ၀၉-၄၃၀၆၅၅၉၁, ဦးခင်မောင်မြင့် ၀၉-၇၃၁၆၃၆၈၅, ကိုကျော်သိန်းခိုင် ၀၉-၅၁၀၅၆၂၃, ကိုဇော်ဝင်းစိုး ၀၉-၇၃၁၇၁၇၄၃

Konica ရွှေရောင် Wedding Dress Photo Studio


ခိုင်းခိုင်းခမ်းလှိုင်

ဘွဲ့ခါတ်ပုံ၊ ဘွဲ့ဝတ်စုံ
မိတ်ကပ်ဆံပင် အတွက်
ကြိုတင် စာရင်းပေးသွင်းနိုင်ပြီ။

- အမှတ် (၇၀)၊ လမ်းမတော် လှည်းတန်းလမ်း၊ ၁၀ လမ်း နှင့် ၁၁ လမ်းကြား၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၂၂၅၀၈၄
- အမှတ် (၃၆)၊ လှည်းတန်းမီးပွိုင့်အနီး၊ ရန်ကုန်အင်းစိန်လမ်းမ၊ ကမာရွတ်။ ဖုန်း-၅၂၅၀၈၄

လှိုင်၊ အုတ်ကျင်းဘုတာရုံလမ်း၊ အဆင့်မြင့် Condo (အင်းစိန်လမ်းမအနီး),(1875 sqft),MB(3)ခန်း,AC(5), Water-Heater, Lift,ကားပါကင်,အဆင့်မြင့်ပြင်ဆင်ပြီး
ဈေးနှုန်း = 2650 သိန်း

လှိုင်သာယာ၊ ရွှေကမ်းသာယာအိမ်ရာ (25' x 75')၊ ပါမစ်မြေ
ဈေးနှုန်း = 650 သိန်း

JASPERmotor

လူကြီးမင်းတို့၏ JASPER MOTOR ကားအရောင်းပြခန်းကို
အမှတ်(209)၊ ကန္နားလမ်း၊ အလုံတာဝါအနီး၊ အလုံမြို့နယ်တွင်
၂၇.၃.၂၀၁၅ ရက်နေ့၌ ဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ...
မှ/ Infinity Investment Co., Ltd.

နိုင်ငံတကာရှိ တက္ကသိုလ်ကြီးများမှ ပေးအပ်မည့် ဘွဲ့ ကြို၊ ဘွဲ့ လွန်ဒီဂရီများ
ရယူနိုင်ရန် ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

Date
30-03-2015
(Monday)
Time
9:30 to 12:30 PM
Venue
SR Worldwide Education Office

- မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်တန်းနှင့် IGCSE အောင်မြင်ထားပြီး ဆေးတက္ကသိုလ်များသို့ တက်ရောက်လိုသူများအတွက် Medical Preparation Program
- Engineering ဘာသာရပ်ကိုစိတ်ဝင်စားသူများအတွက် Civil, Electrical, Mechanical, Mechatronics, Aerospace, Pilot Studies, Architecture ဘာသာရပ်များ
- Business ဘာသာရပ်ကို စိတ်ဝင်စားသူများအတွက် Marketing, Management, Accounting, Entrepreneurship, International Business, Finance, HRM ဘာသာရပ်များ
- Information Technology (Networking, Software, Game & Animation, Computing, Cyber Forensics, Business Information System), Tourism & Hospitality, Mass Communication & Journalism, Publish Relations, Music & Dance နှင့် Fashion Design ဘာသာရပ်များ

အသေးစိတ် သိရှိလိုပါက
SR WORLDWIDE EDUCATION
Level 4, MMC City Campus 47/48 Bahosi Building, Lanmataw Township, 11131, Yangon, Myanmar.
Phone - 01 210 765, 09 542 8848, 09 543 8848 Email - info@sr-education.com Website - www.sr-education.com

## လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း နှင့် အထူးကျေးဇူးတင်ရှိခြင်း

POPULAR PLASTIC
SOGO ELECTRICAL
SOGO STEEL
Since - 1985
POPULAR
Plastic Group
SOGO PVC PIPE & FITTING
SOGO PE WATER TANK

၁၂-၂-၂၀၁၅ ရက်နေ့ (ပြည်ထောင်စုနေ့) တွင်ကျရောက်ခဲ့သည့် Popular Plastic Group ၏ နှစ် (၃၀) ပြည့် ' ပုလဲရတု ' တိုင်အောင် ' **ပြည်တွင်းမြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်တစ်ဦး** 'အဖြစ် အောင်မြင်စွာရပ်တည်ခွင့်ပေးသည့်အတွက် ဝယ်ယူအားပေးကြသော မိဘပြည်သူများ၊ နိုင်ငံတစ်ဝန်းရှိ အရောင်းကိုယ်စားလှယ်များနှင့် မိတ်ဟောင်းမိတ်သစ်များအား လှိုက်လှဲစွာအထူးပင် ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်လာမည့် ရတုပေါင်းများစွာကိုလည်း Popular Plastic Group နှင့်အတူ မြန်မာနိုင်ငံသူ/နိုင်ငံသားများ အားလုံးအောင်မြင်စွာဖြတ်ကျော်နိုင်ပြီး ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

Popular Plastic Group
**ဝန်ထမ်းမိသားစုများ**

၂၀၁၅ ခုနှစ်၊ မတ်လ (၁၄)ရက်နေ့၊ အမှတ်(၃၀၇)၊ (၉)လမ်း၊ ရန်ကုန်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ တွင်ကျင်းပခဲ့သော

**KTK ELECTRICAL ENGINEERING CO., LTD.**

၏

## Factory Grand Opening နှင့် NEX Switchgear Launching

အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီး ဦးဥာဏ်ထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာနှင့်အလုပ်သမားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ပြင်သစ်သံအမတ်ကြီး Mr. Thierry Mathou၊ Schneider Electric (Myanmar Branch) မှ Country President - Mr. Pascal Reigner ၊ ဌာနဆိုင်ရာအသီးသီးမှ ဂုဏ်သရေရှိလူကြီးမင်းများ၊ လုပ်ငန်းရှင်ကြီးများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသောလုပ်ဖော်ကိုင်ဖက်များ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများကိုလည်းကောင်း၊ မေတ္တာလက်ဆောင်မွန်နှင့် ပန်းခြင်းများပေးပို့၍ဂုဏ်ပြုပေးကြသော မိတ်သင်္ဂဟများကိုလည်းကောင်း၊ Facebook၊ Email နှင့် Viber တို့မှဂုဏ်ပြုပေးကြသော မိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူ တစ်ဦးချင်းစီကို အထူးပင် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။

လေးစားစွာဖြင့်
**KTK Electrical Engineering Co., Ltd.**


GOLDEN CITY
NATIONAL LANDMARK
EXCLUSIVELY YOURS
LIVE THE
GOLDEN CITY LIFE
GOLDEN CITY မိသားစုမှ
နှစ်သစ်သကြ်န်မှာ ရွှင်လန်းချမ်းမြေ့ကြပါစေလို့
ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။
မြန်မာ့နှစ်ကူးလက်ဆောင် ဧပြီလ (၁)ရက်နေ့ မှ မေလ (၃၁)ရက်နေ့ထိ
ပထမဆုံး အခန်းကြိုတင်စာရင်းပေးသွင်းသူ (၁၀)ဦးအတွက်သာ
8% Discount + US $ 3,000 Trip Package (or) Electronic Set Package
The First
Unique Real Estate
Project Won The
"Green Asia Habitat Awards"
GOLDEN CITY
Hotline: +95(0)1-8605111 +95(0)1-8605222
Project Address: Yankin Road, CMA Old Building, Yankin Township, Yangon Myanmar
Golden City Myanmar Website: www.glredcl.com Email: goldencity@glredcl.com
Developer: Golden Land Real Estate Development Co., Ltd.

# နိုင်ငံသားတိုင်း နေရာဒေသမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ လူ့မျှော်မှန်းသက်တမ်း ညီတူညီမျှတိုးမြှင့်စေရေးကို အားစိုက်ဆောင်ရွက်ခဲ့

**နေပြည်တော် မတ် ၂၆**

နိုင်ငံတစ်ဝန်း ဝက်သက်နှင့်ဂျိုက်သိုး ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ၂၀၁၅ ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန (MICC-2)၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်သည်။

အခမ်းအနားသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်ကိုယ်စားလှယ်များ၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✱**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နိုင်ငံတစ်ဝန်း ဝက်သက်နှင့်ဂျိုက်သိုး ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ၂၀၁၅ ဂုဏ်ပြုပွဲ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ယနေ့ **မာတိကာ**

**နိုင်ငံ့ဝန်ထမ်းများအတွက် နိုင်ငံတော်၏ ဆောင်ရွက်ပေးမှုများ**
စာမျက်နှာ - ၁၀

**၂၀၁၄-၂၀၁၅ ပညာသင်နှစ် အခြေခံပညာအဆင့် ဘာသာစုံပညာထူးချွန် ရွေးချယ်ခံရသူများ၏ အမည်စာရင်း**
စာမျက်နှာ - ၁၁

## နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများ တိုးမြှင့်သတ်မှတ်

jynaxmiporwjrermEiiawmt p;&
b@ma&;0e|u;Xme
0e|u;½;

**အမိန့်ကြော်ငြာစာ**

အမှတ်၊ ၈၇၂/၂၀၁၅
နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်
(၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်)

**အကြောင်းအရာ။ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများ တိုးမြှင့်သတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကိုအစဉ်အလေးထားဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူဖြစ်စေရန်၊ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်းကို အထိုက်အလျောက် မြှင့်တင်ပေးနိုင်ရန်ရည်ရွယ်၍ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများကို ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် တိုးမြှင့်သတ်မှတ်ပေးရန် ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၇/၂၀၁၅)၌ အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။

၂။ သို့ဖြစ်ရာ အစိုးရဌာနများနှင့်အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံအရ ခွင့်ပြုထားသော ရာထူးများ၌ တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများကို အောက်ဖော်ပြပါဇယားအတိုင်း တိုးမြှင့်သတ်မှတ်လိုက်သည်-

| အမှတ်စဉ် | လက်ရှိလစာနှုန်းထား | အမှတ်စဉ် | တိုးမြှင့်လစာနှုန်းထား |
|---|---|---|---|
| ၁ | ၇၅၀၀၀-၁၀၀၀-၈၀၀၀၀ | ၁ | ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀ |
| ၂ | ၈၁၀၀၀-၁၀၀၀-၈၆၀၀၀ | ၂ | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ |
| ၃ | ၈၇၀၀၀-၁၀၀၀-၉၂၀၀၀ | ၃ | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ |
| ၄ | ၉၃၀၀၀-၁၀၀၀-၉၈၀၀၀ | ၄ | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ |
| ၅ | ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀ | ၅ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ |
| ၆ | ၁၀၅၀၀၀-၁၀၀၀-၁၁၀၀၀၀ | ၆ | ၁၉၅၀၀၀-၂၀၀၀-၂၀၅၀၀၀ |
| ၇ | ၁၁၁၀၀၀-၁၀၀၀-၁၁၆၀၀၀ | ၇ | ၂၁၀၀၀၀-၂၀၀၀-၂၂၀၀၀၀ |
| ၈ | ၁၄၀၀၀၀-၂၀၀၀-၁၅၀၀၀၀ | ၈ | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ |
| ၉ | ၁၆၀၀၀၀-၂၀၀၀-၁၇၀၀၀၀ | ၉ | ၂၈၀၀၀၀-၄၀၀၀-၃၀၀၀၀၀ |
| ၁၀ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၁၀ | ၃၁၀၀၀၀-၄၀၀၀-၃၃၀၀၀၀ |
| ၁၁ | ၂၀၀၀၀၀-၂၀၀၀-၂၁၀၀၀၀ | ၁၁ | ၃၄၀၀၀၀-၄၀၀၀-၃၆၀၀၀၀ |
| ၁၂ | ၂၂၀၀၀၀-၂၀၀၀-၂၃၀၀၀၀ | ၁၂ | ၃၈၀၀၀၀-၄၀၀၀-၄၀၀၀၀၀ |
| ၁၃ | ၂၅၀၀၀၀-၂၀၀၀-၂၆၀၀၀၀ | ၁၃ | ၅၀၀၀၀၀ |

မှတ်ချက်။ နှစ်တိုးများကို (၂)နှစ်လျှင် တစ်ကြိမ်ခံစားခွင့်ပြုရန်၊

**စာမျက်နှာ ၃ ကော်လံ ၄ သို့ ❖**

## ရပ်စောက်တွင် မိုးသည်းထန် လေပြင်းတိုက်ပြီး မိုးသီးများ ကြွေကျ၍ သီးနှံများပျက်စီး

**ရပ်စောက် မတ် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် မတ် ၂၅ ရက် နံနက်ပိုင်းက ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်ခြင်း၊ မကြုံစဖူး မိုးသီးများကြွေကျခြင်းတို့ဖြစ်ပွားခဲ့ကြောင်း သိရသည်။ မိုးသီးများ ကြွေကျရိုက်ခတ်မှုဒဏ်ကြောင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်လေကာမှန်များ ကွဲကြေပျက်စီးခြင်း၊ မြို့တွင်းသွယ်တန်းထားသော လျှပ်စစ်ဝါယာကြိုးများ ပြတ်ကျခဲ့ခြင်းတို့အပြင် မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် စိုက်ပျိုးထားသည့် ရာသီသီးနှံ စိုက်ခင်းများ၊ ပန်းမန်ဥယျာဉ်များ၊ သရက်ခြံများနှင့် အခြားနှစ်ရှည်သီးနှံပင်များ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲကစားရန် မတ် ၂၈ ရက်ထွက်ခွာမည်



သတင်းနှင့်ဓာတ်ပုံ » ရှိုင်းထက်ဇော်

**ရန်ကုန် မတ် ၂၆**

၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲအကြိုပြင်ဆင်မှုအဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့ ခြေစမ်းကစားမည်ဖြစ်ပြီး အဆိုပါခြေစမ်းပွဲ ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၂၈ ရက်တွင် ထွက်ခွာမည်ဖြစ်သည်။

ခြေစစ်ပွဲကစားမည့် မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူ ဦးတင်မြင့်အောင်၊ နည်းပြချုပ် အေဗရာမိုဗစ်၊ လက်ထောက်နည်းပြ ဆာကိုဗစ်နှင့် ဦးစိုးမြတ်မင်း၊ ဂိုး-နည်းပြ ဒီနို၊ အသင်းအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ ကစားသမားများအဖြစ် ဂိုး-ဗန်လားဟာရွယ်၊ ပြည့်ဖြိုးအောင်၊ နောက်တန်း-ခင်မောင်လွင်၊ အောင်ဇော်၊ ဝင်းမင်းထွဋ်၊ ရဲဝင်းအောင်၊ သိန်းနိုင်ဦး၊ ဇော်လင်း၊ အလယ်တန်း-ပြည်မိုး၊ ဆောင်လမန်၊ ဟိန်းဇာအောင်၊ ဒေးဗစ်ဒန်း၊ ရန်အောင်ကျော်၊ နန္ဒလင်းကျော်ချစ်၊ ရန်အောင်ဝင်း၊ ကြည်လင်း၊

**စာမျက်နှာ ၁၂ ကော်လံ ၄ သို့ ✱**

themirror.npt@gmail.com
www.facebook.com/themirrordaily